ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ကြာသပတေးနေ့ (29-12-2011) (၆၉၈၈)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# အခြေခံစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဟန်ချက်ညီကြိုးပမ်း အထွက်နှုန်းကောင်းပြီး ပြည်ပဈေးကွက်ဝင်သည့် ပုလဲသွယ်စပ်မျိုးစပါးကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရေးအတွက် ဒေသအလိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

နေပြည်တော်　　ဒီဇင်ဘာ　　၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စက်မှုလယ်ယာစနစ်တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်းကို လာရောက်ကြည့်ရှုလေ့လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များအား ပုဗ္ဗသီရိမြို့နယ်ရှိ စက်မှုလယ်ယာစနစ် တောင်သူပညာပေးဧက ၅၀၀ စိုက်ခင်း၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၇ နာရီတွင် စက်မှုလယ်ယာစနစ် တောင်သူပညာပေးဧက ၅၀၀ စိုက်ခင်းကို ရောက်ရှိလာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲပြုလုပ်ပြီး သဘောတူညီချက်များ လက်မှတ်ရေးထိုး

**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ခေါင်းဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ" အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံ ခေါင်းဆောင်သော "ဝ" အထူးဒေသ(၂) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)



**နေပြည်တော်　　ဒီဇင်ဘာ　　၂၈**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ ဖြစ်ကြသော သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် ပန်ဆန်းမြို့သို့ ရောက်ရှိကြရာ "ဝ"အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးပေါက်ယိုချမ်၊ ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များသည် "ဝ"အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးပေါက်ယိုချမ်နှင့်အဖွဲ့ဝင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးပြီး နိုင်ငံတော်သမ္မတက ပေးအပ်သော အမှတ်တရလက်ဆောင်ပစ္စည်းကို အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းက "ဝ"အထူးဒေသ(၂) ဥက္ကဋ္ဌ ဦးပေါက်ယိုချမ်ထံ ပေးအပ်သည်။

ထို့နောက် ဦးအောင်သောင်း ခေါင်းဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် "ဝ"အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံခေါင်းဆောင်သော "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

ကြေးမုံစာတည်းရှုထောင့်

၂၉-၁၂-၂၀၁၁[ကြာသပတေးနေ့]။

# အနာကုလာစ ကမ္မန္တာ

"အနာကုလာစ ကမ္မန္တာ" ကောင်းသော အသက်မွေးဝမ်းကျောင်းမှုကို ပြုလုပ်ခြင်းသည် ကောင်းသောမင်္ဂလာဖြစ်သည်ဟု မြတ်ဗုဒ္ဓက ဟောဖော်ညွှန်ပြထားသည်။ ကောင်းသောအသက်မွေးမှုဆိုသည်မှာ မိမိ သူတစ်ပါးအနှောင့်အယှက်အထိအခိုက်မဖြစ်သော အသက်မွေးမှုဖြစ်သည်။ ဥပမာ-ကုန်သွယ်၊ လယ်လုပ်၊ ကျွဲနွားမွေးမြူ ပန်းဆယ်မျိုး စသည့်လက်မှုလုပ်ငန်းများနှင့် ကျောင်းဆရာ၊ ရှေ့နေ စသည့် နှုတ်မှုလုပ်ငန်း၊ စက်မှုနှင့် အမှုထမ်းလုပ်ငန်းများဖြစ်သည်။ ယင်းအသက်မွေးမှုလုပ်ငန်းများကို ကာလဒေသအလျောက် မိမိနှင့်သင့်တော်လျောက်ပတ်သော သက်မွေးမှုတစ်ခုခုကို မင်္ဂလာတရားတော်နှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြခြင်း ဖြစ်သည်။

ဤသည်မှာ နိုင်ငံတစ်ဝန်းရှိ မြန်မာတို့၏ အစဉ်အလာ သက်မွေးမှုလုပ်ငန်းများဖြစ်သည်။ ယနေ့မြန်မာနိုင်ငံတွင်းရှိ လူဦးရေမှာ နှစ်စဉ်တိုးပွားလျက်ရှိသည်။ တိုးပွားလာသောလူဦးရေနှင့် တစ်ပြေးညီ အသက်မွေးမှုလုပ်ငန်းများ လိုအပ်လာသည်။ ထိုအခါ 'အလုပ်လက်မဲ့'ဟူသော ဝေါဟာရပေါ်ထွက်လာသည်။ သန်း ၆၀ နီးပါးရှိသော ကျွန်ုပ်တို့နိုင်ငံတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၁ ရာခိုင်နှုန်းရှိသော်လည်း အမှန်တကယ်စာရင်းပေါက် အလုပ်လုပ်သောသူများမှာ သန်း ၃၀ ကျော်သာ ရှိကြောင်းသိရသည်။ ကျန်လူဦးရေမှာ အလုပ်လက်မဲ့စာရင်းဝင် လူဦးရေဖြစ်သည်။

မြန်မာနိုင်ငံတွင် အလုပ်မရှား၍ အလုပ်လက်မဲ့မဖြစ်သင့်ပါ။ ဖော်ပြပါ ရှေးအစဉ်အလာ အသက်မွေးမှုလုပ်ငန်းများအနက် ကုန်သွယ်၊ လယ်လုပ်၊ မွေးမြူ ပန်းဆယ်မျိုးစသည့် အလုပ်များသည် မြို့ပြထက် ကျေးလက်တွင် ပိုများပါသည်။ အလုပ်လက်မဲ့ဆိုသည်မှာ အလုပ်မလုပ်လိုသူများနှင့် အလုပ်ကို မည်မည်ရရမလုပ်ဘဲ တော်သလိုနေ၊ ချောင်သလိုလုပ်နေသူများသာ ဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံတွင် စိုက်နိုင်ပျိုးနိုင်သော မြေရှိသည်။ ရေရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်းရှိသည်။ 'ဥဋ္ဌာနသမ္ပဒါ' ဆိုသည့် ထကြွလုံ့လ ဝီရိယ ရှိဖို့တော့လိုသည်။

မြန်မာနိုင်ငံ၌ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားသူများကို ညွှန်ပြပါဆိုလျှင် တောင်သူလယ်သမားများကို ညွှန်ပြရပေမည်။ နံနက် ၄ နာရီ အိပ်ရာထ၊ နေထွက်မှ နေဝင် အလုပ်လုပ်ကြရသည်။ 'အလုပ်နှင့်လက်မပြတ်စေရ'ဟူသည် ရှေးတောင်သူတို့၏ ဆိုရိုးဖြစ်သည်။ ရရှိသည့်ဝင်ငွေကိုလည်း မူးစုပဲစု စုကြရသည်။ သူရင်းငှားမှ လယ်ပိုင်ယာပိုင်လုပ်ကြရသည်။ အားလုံးလယ်လုပ်ကြရန်ဆိုလိုခြင်းမဟုတ်၊ လူဦးရေအများစုသည် ကျေးလက်တွင် နေထိုင်သောကြောင့်ဖြစ်သည်။

ယနေ့ဤသို့မဟုတ်၊ လူတို့ပျင်းလာကြသည်။ ပင်ပန်းသောအလုပ်ကို မလုပ်ချင်ကြ၊ ငွေလွယ်လွယ်ရသော အလုပ်ကို ပြောင်းရွှေ့လုပ်ကိုင်လာကြသည်။ မင်္ဂလာတရားနှင့်ညီသော 'သမဇီဝိတတာ'မျှတစွာအသက်မွေးမှုကို မပြုလုပ်ချင်ကြ။ ပေါ်ပင်အလုပ် 'ငါးပွက်ရာငါးစာချ' ကြသည်။ အလုပ်လုပ်နိုင်သူများအနက်မှ ရွှေ့ပြောင်းလုပ်သား သုံးသန်းကျော်သည် ကျေးလက်နှင့် ဆင်ခြေဖုံးမှ အများစုဖြစ်သည်။ အလုပ်ကို အခြေချမလုပ်သောကြောင့် အလုပ်လက်မဲ့စာရင်းဝင်လာသည်။ ပြောင်းလဲလာသောအုပ်ချုပ်ရေးယန္တရားအရ လူငယ်တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များလာချိန်တွင် ဆီလျော်လိုက်ဖက်သောပညာရပ်နှင့် အတတ်ပညာများကို လေ့လာလိုက်စားထားသင့်သည်။

မိမိတို့၏ ဓားမဦးချအလုပ်ကိုလည်း တိုးတက်သည်ထက် တိုးတက်အောင် လုပ်နိုင်ကိုင်နိုင်သည်။ အသိပညာ၊ အတတ်ပညာများကို ဆင်းရဲတာပဲကွာဟုဆိုပြီး မသင်ယူမိ မဖြစ်ဖို့လိုသည်။ 'အနာကုလာစ ကမ္မန္တာ' ကောင်းသော အသက်မွေးဝမ်းကျောင်းမှုများသည် လူဦးရေအများစုနေထိုင်ရာ ဒေသများတွင် ရှိပြီးဖြစ်၍ 'ဥဋ္ဌာနသမ္ပဒါ' ထကြွလုံ့လ ဝီရိယထားကာ အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် အလုပ်လုပ်ကြခြင်းဖြင့် ဆင်းရဲမှုလျော့နည်းကျဆင်းပြီး မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းလည်း လျော့နည်းပပျောက်သွားမည် ဖြစ်ပါသည်။ ။

# ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် နံနက် ၉ နာရီမှစတင်၍ အိတ်ဖွင့်တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းအဆိုပြုလွှာများကို အပြိုင်အဆိုင် ထည့်သွင်းကြသည်။

ထို့အပြင် မဏိရတနာကျောက်စိမ်းခန်းမပထမထပ်ရှိ မြန်မာ့တွင်းထွက်လက်ဝတ်ရတနာ ပစ္စည်းအရောင်းဆိုင်များ၌ ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ အဆင်ပြေလွယ်ကူစွာ လာရောက်ကြည့်ရှုဝယ်ယူနိုင်ရေးအတွက် ပြပွဲကျင်းပရေး ဆပ်ကော်မတီများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြပွဲကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၅၅၀၀ လာရောက်ကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲ ၁၆၈၈ တွဲကို ရောင်းချခဲ့ရကြောင်း သိရှိရသည်။

ပြပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)



**ကြည့်ရှုလေ့လာ**

**ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။**(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၉-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၃ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၃၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၄၀ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၄၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | မြန်မာ့ရှုခင်း |
| ၈း၂၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၀ | ၄။ | ဇာတ်လမ်းတို |
| ၄း၃၀ | ၅။ | ချစ်သူစုံတွဲတူယှဉ်နွဲ့ |
| ၄း၃၅ | ၆။ | ဗွီစီဒီကျော်ကြားတေး |
| ၄း၄၅ | ၇။ | မွေးမြူသုတ |
| ၄း၅၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၀)** |
| ၆း၀၀ | ၁၁။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၃။ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆း၄၅ | ၁၄။ | ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၁၁) |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၃၆)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဗိုတာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၂၂။ | လျှပ်တစ်ပြက် |
| | ၂၃။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၂၄)** |

# စလင်းမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

စလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့် စလင်းမြို့ အထက/အလကများတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူထားကြသည့် အသက် (၆၅) နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဓမ္မာရုံ (ယခင် စား/ဖျော်)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ စလင်းမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အသက် (၇၅)နှစ်အထက် အသင်းဝင်များ၊ အသင်းဝင်တို့၏မိဘများ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများစာရင်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက် နောက်ဆုံးထား၍ ဦးဌေးကြွယ် ဖုန်း-၅၁၀၃၁၇၊ ဦးကျော်နိုင် ဖုန်း-၀၉-၇၃၁၀၅၀၂၀၊ ဦးမျိုးချစ် ဖုန်း-၆၆၅၆၂၇၊ ဦးဝင်းလှိုင် ဖုန်း-၆၄၅၇၃၃၊ ဗိုလ်မှူးမြင့်ဆွေ(ငြိမ်း) ဖုန်း၀၉-၅၁၃၅၇၁၄၊ ဦးစန်းညိုအောင် ဖုန်း-၆၈၀၄၂၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## ပြိုင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၈ ရက် သတင်းစာပါ ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းတွင် အလယ်တန်းအဆင့် သတ္တမတန်း၌ ပထမဆုရရှိသူကို ရန်ကုန်တိုင်းဒေသကြီးမှ မမေစိုးစိုးရွှေ (အစား) မမေစိုးစိုးဆွေ ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (သတင်းစဉ်)



**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မြတင်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

# မြန်မာဘရူဝါရီလီမိတက် သွေးလှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်၏ (၉)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ အမျိုးသားသွေးလှူဘဏ် အဆောက်အအုံ၌ကျင်းပရာ မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe၊ ဒုတိယမန်နေဂျင်းဒါရိုက်တာ မောင်မောင်စိန်နှင့် သွေးလှူရှင်ဝန်ထမ်းများ၊ သွေးလှူကြမည့် ဆိုင်ရှင်များ၊ ဝန်ထမ်းများ၊ အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာဘရူဝါရီလီမိတက်သည် ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကုမ္ပဏီ၏ ရည်မှန်းချက် (၇)ရပ်တွင် တစ်ရပ်အပါအဝင်ဖြစ်သည့် နိုင်ငံသားများအပေါ် ပြန်လည်ကျေးဇူးပြုနိုင်ရန်အပြင် သွေးလှူဒါန်းခြင်း၏အရေးကြီးမှုကို ပိုမိုနားလည်လာစေရန်၊ အရေးပေါ်လူနာများအတွက် အချိန်မီသွေးလုံလောက်စွာ ရရှိနိုင်စေရန်နှင့် စီးပွားဖက် /မိတ်ဖက်ဆိုင်ရှင်ကြီးများနှင့် ဝန်ထမ်းများကို အသက်ကယ်သူများဖြစ်လာအောင် စုစည်းနိုင်ရန်ရည်မှန်း၍ မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ စုပေါင်းသွေးလှူပွဲများကို ကျင်းပနေကြောင်းသိရသည်။

၂၀၀၆ ခုနှစ်တွင် မြန်မာဘရူဝါရီလီမိတက်၏ ပထမဆုံးအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို အောင်မြင်စွာ ပြုလုပ်ခဲ့ပြီး လူနာများလိုအပ်သည့် သွေးများကို လှူဒါန်းလိုသည့် စေတနာပေါင်းစပ်၍ စုပေါင်းသွေးလှူဒါန်းပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နှစ်စဉ်မပျက်ပြုလုပ်ခဲ့ရာ ရှစ်ကြိမ်အထိ စုစုပေါင်းသွေးပုလင်း ၄၈၂၃ ပုလင်း လှူဒါန်းခဲ့ပြီးဖြစ်သည်။ ယခု(၉)ကြိမ်မြောက်တွင်လည်း သွေးလှူဒါန်းရန်စာရင်းပေးသွင်းထားသူ ၆၃၀ ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ဒီဇင်ဘာ ၂၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၈)ရပ်ကွက် စည်ပင်လမ်းရှိ အထက(၂)ကျောင်းခန်းမ၌ ကျင်းပသော လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်လွင်ဦး အသိပညာပေးဟောပြောစဉ်။** (ကြေးမုံ)

**☆ အခြေခံစိုက်ပျိုးရေးကဏ္ဍမှ**

ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်မှုလယ်ယာစနစ် တောင်သူပညာပေးဧက ၅၀၀ စိုက်ခင်းကို လာရောက်ကြည့်ရှုလေ့လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များအား တွေ့ဆုံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားရာတွင် နိုင်ငံတော်ကိုယ်ခံအားကောင်းစေရေးနှင့် နိုင်ငံတော်၏ အဓိကအခြေခံစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဟန်ချက်ညီ ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုကြောင်း၊ အဓိကသီးနှံဖြစ်သည့် ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတွက်ခြေကိုက်မည့် သစ်သီးဝလံစိုက်ခင်းများကို ထူထောင်ပြီး လယ်သမားများ ဝင်ငွေတိုးတက်စေရေး အကောင်အထည်ဖော်ကြရန်လိုကြောင်း၊ ဒေသအလိုက် ကိုက်ညီသည့် ထုတ်ကုန်အမယ်များကို ထိထိရောက်ရောက် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းပြီး ပြည်ပဈေးကွက်ဝင်သည့် ပုလဲသွယ်စပ်မျိုးစပါးကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရည်အသွေးအာမခံနိုင်မည့် မျိုးစေ့ထုတ်လုပ်ငန်းများ ဒေသအလိုက် တိုးတက်ထူထောင်သွားကြရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရေးအတွက် ဒေသအလိုက် အရှိန်အဟုန်မြှင့်တင်ပြီး တိုးတက်ဆောင်ရွက်သွားကြရန်နှင့် ထိထိရောက်ရောက် ယှဉ်ပြိုင်ကြိုးပမ်းအကောင်အထည်ဖော်ကြရန် ဆွေးနွေးလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စိုက်ခင်းဧရိယာအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စပါးနှင့် အခြားသီးနှံစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များသည် ဧက ၅၀၀ စိုက်ခင်းရှိ Green House ဖြင့် ဟင်းသီးဟင်းရွက်များ၊ သစ်ခွမျိုးကွဲမျိုးစုံနှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုနှင့် စနစ်တကျ စိုက်ပျိုးထားသည့် မုန်လာဥစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းသို့ ရောက်ရှိကြပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပျိုးပင်များ ပျိုးထောင်ထားမှု၊ မြန်မာနှင့် ဗီယက်နမ်စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်စပ်မျိုးစပါးစိုက်ခင်း၊ ပျိုးခင်း၊ မြန်မာ-ဗီယက်နမ်စပ်မျိုးစပါး စမ်းသပ်စိုက်ခင်း၊ တောင်သူပညာပေး ဝင်ငွေရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အမယ်စုံ ၃၅ မျိုး တစ်ကွင်းတစ်စပ်တည်း စိုက်ခင်း၊ မျိုးစေ့များနှင့် သစ်သီးဝလံများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံအလိုက် အထွက်တိုး စပါးမျိုးများ စိုက်ပျိုးနေမှုနှင့် ယင်းအထွက်တိုး စပါးမျိုးများအား မိမိဝန်ကြီးဌာနက စိုက်ပျိုးထုတ်လုပ်နေမှုကို ရှင်းလင်းပြောကြားပြီး လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်အရ သာမန်စပါးမျိုးများ စိုက်ပျိုးနေမှုအစား အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများ ထုတ်လုပ်ရေးကို အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကိုလည်း မလွဲမသွေဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ တာဝန်ရှိသူများအနေဖြင့် ဒေသတွင်းရှိ တောင်သူလယ်သမားများနှင့် ပူးပေါင်း၍ အသေးစိတ်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ပဲခူး၊ ဧရာဝတီ၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီး စသည့် ဒေသများတွင် ဝမ်းစာဖူလုံရုံသာမက ပြည်ပသို့ ဆန်တင်ပို့နိုင်ရေးအတွက် စပ်မျိုးစပါးများကို ဒေသအလိုက်စီမံ အကောင်အထည်ဖော်စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလာရေးအတွက် စည်းရုံးဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်ဇော်နှင့် ဦးအုန်းသန်းတို့က ခေတ်မီလယ်ယာမြေ ဖော်ထုတ်ရာတွင် ရေသွင်းရေထုတ်စနစ်နှင့် ကုန်ထုတ်လမ်းများဆောင်ရွက်ရေး၊ လယ်ထွန်စက်၊ ကောက်စိုက်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်စသည့် ခေတ်မီစက်ကိရိယာများအသုံးပြုရေးနှင့် သီးနှံအထွက်တိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များသည် ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့အိတ်များ ထုတ်လုပ်နေမှု၊ မျိုးစေ့သန့်စင်စက်ဖြင့် မျိုးစေ့များ သန့်စင်နေမှု၊ ပုလဲသွယ်ဆန်စက်တွင် စပါးကြိတ်ခွဲနေမှုနှင့် ဆန်ထွက်ရှိမှုအခြေအနေတို့ကို ကြည့်ရှုလေ့လာကြပြီး စိုက်ခင်းဧရိယာအတွင်း စပ်မျိုးနေကြာများ စိုက်ပျိုးထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး ဘိုနီကြီးစိုက်ကွင်း၌ စက်မှုလယ်ယာစနစ်ဖြင့် ဟက်တာ ၂၀ ရှိ လယ်ယာမြေဖော်ထုတ်ပြီး တောင်သူပညာပေးစိုက်ပျိုးထားသည့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီး၌ မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မည့် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ၆၅ ဧကစိုက်ပျိုးရန်အတွက် ခေတ်မီစက်ကိရိယာများဖြင့် မြေယာပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)



**တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ ပုဗ္ဗသီရိမြို့နယ်ရှိ စက်မှုလယ်ယာစနစ်တောင်သူပညာပေးဧက ၅၀၀ စိုက်ခင်း၌ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့အိတ်များ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

## ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ သထုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်ရီရီလွင်နှင့် အဖွဲ့ဝင်များ၊ ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်အေးအေးမော်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် သထုံခရိုင် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စုဝင်များအား ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ အဝတ်အထည်၊ အနွေးထည်၊ စောင်နှင့်အစားအစာ၊ ခေါက်ဆွဲခြောက် ၁၄၄ ဖာကို သွားရောက်ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကျောင်းကုန်းမြို့ အထက(၁) (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရေးစေတနာရှင်ဂါဒီယန်ဦးစိန်ဝင်းတို့အား ဂါရဝပြုပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပစဉ်။** (၃၆၅)

## ညောင်ရွှေမြို့နယ်၌ စိုက်ပျိုး၊ မွေးမြူရေးဆွေးနွေး

**ညောင်ရွှေ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စုအလယ်မြောင်းရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆွေးနွေးပွဲကို ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။ ထို့နောက် ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြည်နယ်မန်နေဂျာ ဦးအောင်ခင်က သလဲဦးကျေးရွာအုပ်စုအတွင်း အထူးအထွက်တိုးစပ်မျိုးစပါး စိုက်ပျိုးရေးဆောင်ရွက်ရမည့် အခြေအနေကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်နယ်မြေစာရင်းဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဘဏ်၊ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ (၆၇၅)



**ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အင်းစိန်မြို့နယ် မြို့သစ်(က+ခ)၊ (ဂ)ရပ်ကွက် ဇေယျာသီရိဓမ္မာရုံ၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေ ဟောပြောစဉ်။** (၆၈၄)

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

## ပန်းဘဲတန်းမြို့နယ်၌ သမဝါယမအသင်းများနှင့် အစုအဖွဲ့များ စာရင်းဇယားရေးသွင်းတတ်ကျွမ်းမှု ပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သော ငွေကြေးလုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်းများနှင့် အစုအဖွဲ့များစာရင်းဇယားရေးသွင်းတတ်ကျွမ်းမှု ပညာပေးသင်တန်းကို ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ သင်တန်းကို ဆက်လက်ပို့ချသည်။ သင်တန်းသို့ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ သမဝါယမအသင်းများနှင့် အစုအဖွဲ့များ၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းဆောင်ရွက်သည့် အသေးစားပုဂ္ဂလိကငွေစု/ငွေချေးမှုတာဝန်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀ တက်ရောက်ကြသည်။ (မြို့နယ်ပြန်/ဆက်)

## မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ရေစကြို ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မီးဘေးကြိုတင်ကာကွယ် တားဆီးရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်လင်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့မရပ်ကွက်ကြီး ရှစ်ရပ်ကွက်တွင် တစ်အိမ်တက်ဆင်းစစ်ဆေး၍ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများဖြစ်သော သဲ၊ ရေ၊ လှေကား၊ မီးချိတ်၊ မီးကပ်များအသင့်ထားရှိရေး၊ မြေကျင်းမီးဖိုသုံးစွဲရေးတို့ကို ပညာပေးဟောပြောစစ်ဆေးကြပြီး စက်ရုံ၊ အလုပ်ရုံ၊ စားသောက်ဆိုင်များတွင် မီးသတ်ဆေးဘူးနှင့်ကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေးဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် လောင်စာပေါများသော ကျေးရွာများသို့ သွားရောက်ကြပြီး လူစုဝေး၍ ပညာပေးဟောပြောခြင်း၊ မီးဘေးကာကွယ်ရေးပစ္စည်းများထားရှိရေးကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးရွာ ၂၀ တွင် ဆောင်ရွက်ပြီးဖြစ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၃၇၄)



**ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ယခုနှစ်၌ မိုးစပါးမျိုးလှိုင်လှိုင်ထွက်လျက်ရှိရာ ထွက်ပေါ်လာသည့် စပါးသီးနှံများကို ဆန်စက်သို့ လာရောက်ရောင်းချနေသည့် စပါးတင်စက်လှေနှင့် တောင်သူအချို့အား ဆိပ်ကမ်းတွင် တွေ့ရစဉ်။** (ကြေးမုံ)

# ကွယ်လွန်သူမြောက်ကိုရီးယားခေါင်းဆောင်၏ ဈာပနအခမ်းအနား မြို့တော်ပြုံယမ်း၌ ကျင်းပ

ပြုံယမ်း ဒီဇင်ဘာ ၂၈

**ကွယ်လွန်အနိစ္စရောက်ရှိခဲ့သော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ၏ ဈာပနအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က မြို့တော်ပြုံယမ်း၌ ကျင်းပခဲ့သည်။**

ဈာပနအခမ်းအနား အစီအစဉ်အရ စီတန်းလှည့်လည်ပွဲ ပြုလုပ်ရာ၌ ကင်ဂျုံအီ၏ ရုပ်ကလာပ်ကို တင်ဆောင်ထားသော မော်တော်ယာဉ်တန်းသည် ကီလိုမီတာ ၄၀(၂၅မိုင်) အကွာအဝေးကို ခရီးနှင်ရန် ကမ်ဆူဆန်းအောက်မေ့ဖွယ် ဂူဗိမာန်မှ စတင်ထွက်ခွာခဲ့ပြီး ခရီးဆုံးပန်းတိုင်အဖြစ် ယင်းဂူဗိမာန်သို့ ဆိုက်ရောက်လာခဲ့သည်။ ကင်ဂျုံအီ၏ ရုပ်ကလာပ်ကို ယင်းဂူဗိမာန်၌ မှန်ဖြင့်ပြုလုပ်ထားသော ခေါင်းတလားအတွင်းထားရှိသွားမည်ဖြစ်သည်။

### ခြံရံ

ကင်ဂျုံအီ၏ ရုပ်ကလာပ်ကို အာဏာရပါတီ၏ အနီရောင် ခြယ်သထားသော အလံတော်ကလွှမ်းခြုံထားပြီး အဖြူရောင်ပန်းများကို ခြံရံထားရှိသည်။

ကင်ဂျုံအီ၏ ရုပ်ပုံကားချပ်ကြီးကို တင်ဆောင်သော ကားတစ်စီးက ရှေ့ဆုံးမှ ဦးဆောင်ကာ မောင်းနှင်ခဲ့ပြီး ဈာပနအခမ်းအနားစီတန်းလှည့်လည်ပွဲကျင်းပနေချိန်တွင် ဆီးနှင်းများ ကျဆင်းလျက်ရှိသည်။

ဈာပနအခမ်းအနားစီတန်းလှည့်လည်ပွဲတွင် ဖခင်၏ ရုပ်အလောင်းအနီးအပါးမှ ၎င်း၏သားငယ် ကင်ဂျုံအန်းကလိုက်ပါလာခဲ့ပြီး ပြည်သူများက ဝမ်းနည်းကြေကွဲစွာဖြင့် ဂါရဝပြုခဲ့ကြသည်။ ကင်ဂျုံအန်းသည် ဖခင်၏ အရိုက်အရာကိုဆက်ခံမည်ဖြစ်ကြောင်း၊ ၎င်းသည် အာဏာရပါတီနှင့် ကာကွယ်ရေးတပ်မတော်၏ အကြီးအကဲအဖြစ် တာဝန်ယူသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများက သတင်းထုတ်ပြန်ခဲ့သည်။

**အင်တာနက်။**



မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်ကင်ဂျုံအီ၏ ဈာပနအခမ်းအနားကို တွေ့ရစဉ်။



# အိန္ဒိယနှင့် ပါကစ္စတန် နျူကလီးယားဆွေးနွေးပွဲကျင်းပ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၈**

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ နိုင်ငံခြားရေးဝန်ကြီးရုံးတွင် အိန္ဒိယနှင့် ပါကစ္စတန်အထက်တန်းတာဝန်ရှိသူများသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နျူကလီးယားလုံခြုံရေးတို့နှင့်စပ်လျဉ်း၍ နှစ်ရက်ကြာဆွေးနွေးပွဲကျင်းပခဲ့ကြောင်း ပရက်(စ်) တီဗွီသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

သတင်းများအရ ၁၀ ဦးပါ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ကို ဝိုင်ကေ ဆင်ဟာနှင့် ဗင်ကာတက်ချ်ဗာမာတို့က ဦးဆောင်၍ ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့ကို မူနူဝါဆာအစ်ဘတ်တီက ဦးဆောင်တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီတို့ လွန်ခဲ့သောနှစ်လက မော်လ်ဒိုက်၌ တွေ့ဆုံခဲ့ပြီးနောက် ၎င်းတို့နှစ်ဦးကြား တရားဝင်ဆွေးနွေးပွဲအဖြစ် တွေ့ဆုံခြင်းဖြစ်သည်ဟု ဆိုသည်။

### ပထမဆုံးအကြိမ်

၎င်းအပြင် နျူကလီးယားနှင့် သမားရိုးကျလက်နက်များ ယုံကြည်မှု တည်ဆောက်ရေးပူးတွဲအုပ်စု၏ ပထမဆုံးအကြိမ် ဆွေးနွေးပွဲလည်းဖြစ်သည်ဟုဆိုသည်။

နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့များသည် ၁၉၈၈ခုနှစ်စာချုပ်အရ နျူကလီးယားအရေးအတွက်နှင့် တပ်ဆင်ထားမှုစာရင်းကို အပြန်အလှန်ဖလှယ်ကြမည်ဖြစ်သည်။

**အင်တာနက်။**



အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးမည့် ရေငုပ်သင်္ဘောကို ပင်လယ်ပြင်အတွင်း စမ်းသပ်မောင်းနှင်စဉ်။

# အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးမည့် ရေငုပ်သင်္ဘော ရုရှား၌ ပင်လယ်ပြင်စမ်းသပ်မောင်းနှင်မှု ပြုလုပ်

မော်စကို ဒီဇင်ဘာ ၂၈

**အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးအပ်မည့် ရုရှားရေငုပ်သင်္ဘောကို ပင်လယ်ပြင်အတွင်း စမ်းသပ်မောင်းနှင်မှု ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ "နာပါ"ဟု အမည်ပေးထားသော ယင်းရေငုပ်သင်္ဘောကို လာမည့်ရက်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ရုရှားအင်ဂျင်နီယာတစ်ဦးက ဒီဇင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။**

လွှဲပြောင်းပေးမည့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် စစ်ရေးအထူးတာဝန်များကို ထမ်းဆောင်ရန် အသင့်အနေအထား၌ရှိနေပြီဖြစ်ကြောင်း အမ်မူးသင်္ဘောကျင်းမှ အထက်တန်းအမှုဆောင်အရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါသင်္ဘောကျင်း၌ နာပါအမည်ရှိ ရေငုပ်သင်္ဘောကို တည်ဆောက်ခဲ့သည်။

### လွှဲပြောင်းပေးမည်

ယခုနှစ်ကုန်အမီ ရေငုပ်သင်္ဘောကို လွှဲပြောင်းပေးအပ်ရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံသည် ယင်းရေငုပ်သင်္ဘောကို လက်ခံရရှိခြင်းဖြင့် ကမ္ဘာပေါ်တွင် နျူကလီးယားရေငုပ်သင်္ဘောပိုင်ဆိုင်သော ဆဋ္ဌမမြောက်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

### ငှားရမ်း

အိန္ဒိယရေတပ်သည် အဆိုပါရေငုပ်သင်္ဘောကို ၁၀ နှစ်ကြာ ငှားရမ်းအသုံးပြုမည်ဖြစ်ပြီး ငှားရမ်းသုံးစွဲခ ဒေါ်လာ သန်း ၉၂၀ ကျသင့်သည်။ နာပါရေငုပ်သင်္ဘောသည် အာကူလာ-၂ ကလပ်စ်အမျိုးအစား တိုက်ခိုက်ရေးလုပ်ငန်းသုံး ရေငုပ်သင်္ဘောဖြစ်သည်။

**အင်တာနက်။**

# အင်ဒိုနီးရှား မာလူကူးပြည်နယ်၌ ရေလွှမ်းမိုးစဉ် ချော်ရည်ခဲများ မျောပါ

**ဂျကာတာ ဒီဇင်ဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း မာလူကူးပြည်နယ် မောင့်ဂါမာလာမာဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာတွင် အေးခဲနေသောချော်ရည်ခဲများ ရေစီးနှင့်အတူ မျောပါခဲ့ရာ လူသုံးဦးသေဆုံးကြောင်း ဒီဇင်ဘာ ၂၈ရက် သတင်းတွင် ဖော်ပြသည်။

အမျိုးသားသဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန (ဘီအင်န်ပီဘီ)မှ အကြီးအကဲ၏သတင်းထုတ်ပြန်ချက်တွင် အေးခဲနေသောချော်ခဲများကို သယ်ဆောင်လာသော ရေလွှမ်းမိုးမှုကြောင့် ရွာသူရွာသားသုံးဦးသေဆုံးကာ နေအိမ်အချို့ပျက်စီးသွားသည်ဟု ပါရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုဂိုရာရာနှင့် မာရီကူဂူဘူမြစ်များရေလျှံမှုဖြစ်ပွားသည်။ မြစ်ရေလျှံခြင်းနှင့်အတူ အေးခဲနေသော ချော်ခဲများ မျောပါလာသည်ဟု ၎င်းကပြောကြားသည်။ ဒေသခံများကို ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ၎င်းကပြောကြားသည်။

**ဆင်ဟွာ။**

# တူရကီနိုင်ငံမြောက်ပိုင်းတွင် နေအိမ် ၂၄ လုံး မီးလောင်ကျွမ်း

**အင်ကာရာ ဒီဇင်ဘာ ၂၈**

တူရကီနိုင်ငံမြောက်ပိုင်း ဆမ်ဆန်းပြည်နယ်တွင် ဒီဇင်ဘာ ၂၇ ရက်ညက ငါးနာရီကြာ မီးလောင်မှုတစ်ရပ် ဖြစ်ပွားရာ နေအိမ် ၂၄ လုံးထက်မနည်း မီးလောင်ကျွမ်းခံရကြောင်း၊ အသေအပျောက်သတင်းကိုမူ မရရှိသေးကြောင်း ဇာမန်းသတင်းစာက ဒီဇင်ဘာ ၂၈ ရက်တွင် ဖော်ပြသည်။

ဗီဇာကိုပဂူခရိုင် ကီဇယလ်ကီဘီကျေးရွာတွင် နေထိုင်သော အာမက်ရီဘာဆိုသူ၏နေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မည်သည့်အကြောင်းကြောင့်လောင်ကျွမ်းသည်ကို မသိရသေးကြောင်း၊ မီးလောင်ကျွမ်းရာနေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

နေအိမ် ၂၄ လုံး မီးလောင်ကျွမ်းခံရပြီး မြင်းဇောင်းအချို့ ပျက်စီးသွားကြောင်း၊ နွားများနှင့် သိုးများ သေဆုံးသွားကြောင်း သတင်းတွင်ပါရှိသည်။

မီးဘေးဒုက္ခသည်များအား ကျေးရွာရှိ နေအိမ်များသို့ ပို့ဆောင်၍ ကယ်ဆယ်ထားကြောင်း သိရသည်။ **ဆင်ဟွာ။**



စမ်းသပ်ပစ်ခတ်မှုများ အောင်မြင်ပြီးစီးသွားသည့် ဘူလ်လဗာတိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို မြေအောက်ဒုံးပစ်ကျီတစ်ခုအတွင်း၌ တွေ့ရစဉ်။

# ရုရှားနိုင်ငံ၏ မဟာဗျူဟာဒုံးကျည်သစ် စမ်းသပ်မှုများ အောင်မြင်ပြီးမြောက်ဟု ဆို

**မော်စကို ဒီဇင်ဘာ ၂၈**

ရုရှား နျူကလီးယားတပ်ဖွဲ့များအတွက် အဓိက ထိုးစစ်သုံး လက်နက်ဖြစ်လာမည့် တိုက်ချင်းပစ်ဒုံးပျံ အမျိုးအစားသည် အရည်အသွေးစစ်ဆေးစမ်းသပ်မှု အဓိကအစီအစဉ် ပြီးမြောက်ခဲ့ပြီဖြစ်ရာ ရုရှားစစ်ဘက်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်က ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဘူလ်လဗာအမည်ရှိ အဆိုပါ တိုက်ချင်းပစ်ဒုံးပျံများကို မျိုးဆက်သစ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတွင် တပ်ဆင်အသုံးပြုသွားရန် ရုရှားစစ်ဘက်က ရည်ရွယ်ထားသည်။

ဘူလ်လဗာတိုက်ချင်းပစ်ဒုံးကျည်များသည် သီးခြားပစ်မှတ် ၁၀ နေရာကို ချေမှုန်းနိုင်ရန် ဒုံးကျည်ထိပ်ဖူး ၁၀ ခု သယ်ဆောင်နိုင်ပြီး အကွာအဝေးကီလိုမီတာ ၈၀၀၀ အထိ ပစ်ခတ်နိုင်သော သုံးဆင့်ကွဲဒုံးပျံအမျိုးအစား ဖြစ်သည်။

ဆိုဗီယက်ခေတ်လွန်ကာလ ရုရှားစစ်ဘက်၏ ငွေကုန်ကြေးကျ အများဆုံးစစ်ရေးစီမံချက်ဖြစ်သည့် ဘူလ်လဗာတိုက်ချင်းပစ်ဒုံးကျည်စီမံကိန်းကို နှစ်ပေါင်းများစွာ အချိန်ယူ၍ အကောင်အထည်ဖော်ခဲ့ရပြီး ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု အများအပြားမှာ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

သို့ရာတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဘူလ်လဗာဒုံးပျံနှစ်စင်းကို ပြိုင်တူပစ်ခတ်စမ်းသပ်မှုအပါအဝင် စမ်းသပ်မှုများစွာ၌ အောင်မြင်မှုရရှိခဲ့ရာ ယင်းဒုံးကျည်များအား ရုရှားနျူကလီးယားတပ်ဖွဲ့များသို့ လွှဲပြောင်းပေးသွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ရုရှားတာဝန်ရှိသူများ၏အဆိုအရ ဘူလ်လဗာဒုံးကျည်များသည် မည်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်ကိုမဆို ကျော်လွှားထိုးဖောက်နိုင်ကြောင်း သိရသည်။ ယင်းဒုံးကျည်များကို ဆိုဗီယက်ခေတ် လက်ကျန်သက်တမ်း ကုန်ဆုံးချိန်နီးပြီဖြစ်သည့် ဒုံးကျည်များနေရာ၌ အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။

**အင်တာနက်။**

✳ ရှေ့ဖုံးမှ

တို့သည် မွန်းလွဲ ၁ နာရီတွင် ပန်ဆန်းမြို့ “ဝ”အထူးဒေသ (၂) အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်က လားရှိုးမြို့၌ သဘောတူလက်မှတ် ရေးထိုးခဲ့ကြသော အချက်များအပေါ်တွင် အခြေခံ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခင်မင်ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြပြီး နှစ်ဦးနှစ်ဖက် သဘောတူညီချက် (၆)ချက်ကို လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်(၆)ချက်မှာ-

(၁) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” အထူးဒေသ(၂) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လားရှိုးမြို့၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ကြရန် သဘောတူညီသည်။

(၂) “ဝ” အထူးဒေသ(၂) နယ်မြေအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မားရေးနှင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုအစိုးရမှ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးရန်အတွက် နှစ်ဖက်ညှိနှိုင်းပြီး နှစ်တို၊ နှစ်ရှည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ရန် သဘောတူသည်။

(၃) “ဝ” အထူးဒေသ(၂)နယ်မြေအတွင်းရှိ တိုင်းရင်းသားလူငယ်များ၏ တွေးခေါ်မြော်မြင်မှု၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ တတ်မြောက်မှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မျှော်မှန်းပြီး ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်မြင့်မားလာစေရေးအတွက် ပြည်ထောင်စုအစိုးရမှ ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

(၄) “ဝ” အထူးဒေသ(၂) နယ်မြေအတွင်းရှိ တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်နိုင်မှုအတွက် ကုသရေး၊ ကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများပါ ကျန်းမာရေး အသိစိတ်ဓာတ်များ ရရှိလာပြီး ကိုယ်တိုင်ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်သော အဆင့်ရှိလာရန် ရေရှည်စီမံချက်များ ချမှတ်၍ ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရမှ အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် သဘောတူသည်။

(၅) “ဝ” အထူးဒေသ(၂) နယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှတ်တော်အဆင့်ဆင့်တွင် ပါဝင်ပြီး နိုင်ငံတော်နှင့် ဒေသအတွင်းအရေးအရာများကို “ဝ” အထူးဒေသ(၂) နယ်မြေရှိ ပြည်သူ့ဆန္ဒများနှင့်အညီ ဖော်ထုတ်၊ တင်ပြ၊ စီမံခွင့်ရရှိနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားရန် သဘောတူသည်။

(၆) “ဝ” အထူးဒေသ(၂)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ “ဝ” အထူးဒေသ(၂)သည် နိုင်ငံတော်အား သွေးကွဲစေခြင်း၊ နိုင်ငံတော်မှ ခွဲထွက်ခြင်း စသည်တို့ကို လုံးဝပြုလုပ်မည် မဟုတ်ကြောင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် “ဝ” အထူးဒေသ(၂)၏ စွမ်းရည်များအား လှူဒါန်းပေးဆောင်သွားရန် သဘောတူညီပြီး ဖြစ်သည်နှင့်အညီ ဆက်လက်၍ နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးအတွက် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုများနှင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန် သဘောတူသည်။



**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့် “ဝ” အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးရှောက်မင်လျံတို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်(၆)ချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။** (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် “ဝ” အထူးဒေသ(၂) ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များသည် ပန်ဆန်းမြို့ အစိုးရအခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး လိုအပ်သည်များကို အမြန်ဆုံးဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ကိုရီးယားကျွန်းဆွယ်တည်ငြိမ်ရေး တရုတ်နှင့် ဂျပန်ခေါင်းဆောင်များ တိုက်တွန်း

**ပေကျင်း ဒီဇင်ဘာ ၂၈**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ယိုရှီဟီကို နိုဒါ၏ တရုတ်နိုင်ငံခရီးစဉ်သည် ဒီဇင်ဘာ ၂၆ ရက်တွင် ပြီးဆုံးခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်များသည် ကိုရီးယားကျွန်းဆွယ်ဒေသ တည်ငြိမ်ရေးအတွက် ကတိကဝတ်ပြုမှုများအား အပြန်အလှန် အတည်ပြုခဲ့ကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကို နိုဒါတို့ ဒီဇင်ဘာ ၂၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် အဓိကအကြောင်းအရာများမှာ နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် ကိုရီးယားကျွန်းဆွယ်ဒေသတည်ငြိမ်ရေးတို့ဖြစ်ကြောင်း သိရသည်။

တရုတ်-ဂျပန် ဆက်ဆံရေးသည် ပြီးခဲ့သည့်နှစ်အတွင်း အပြုသဘောဆောင်သော အရှိန်အဟုန်ဖြင့် တိုးတက်မှုရှိခဲ့ကြောင်း၊ တရုတ်နှင့် ဂျပန်နှစ်နိုင်ငံလုံးသည် နှစ်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်မှုမြှင့်တင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့လုပ်ဆောင်သင့်ကြောင်း တရုတ်သမ္မတဟူကျင်ထောင်း၏အဆိုအား ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်ဒေသ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုတို့သည် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက် အလွန်အရေးပါကြောင်း ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကို နိုဒါက အလေးအနက် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံရေးပဲ့ကိုင်ရှင် ကင်ဂျုံအီလ် ကွယ်လွန်ကြောင်း မြောက်ကိုရီးယားအစိုးရက သတင်းထုတ်ပြန်ခဲ့ပြီး ရက်သတ္တတစ်ပတ်အကြာ၌ ဂျပန်ဝန်ကြီးချုပ်က တရုတ်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



**ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကို နိုဒါနှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် တို့ အား တရုတ်နိုင်ငံ ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

# ရုရှားအစိုးရ၏ မူဝါဒရေးရာအကြီးအကဲအဖြစ် ထင်ရှားသူကို လက်ထောက်ဝန်ကြီးချုပ်အဖြစ် ရာထူးနေရာပြောင်းလဲခန့်အပ်

**မော်စကို ဒီဇင်ဘာ ၂၈**

ရုရှားနိုင်ငံ၏ သမ္မတအဖြစ် ဗလာဒီမာပူတင် တာဝန်ယူခဲ့စဉ်အတွင်း ကျင့်သုံးခဲ့သည့် ထိန်းချုပ်နိုင်ငံရေးစနစ်၏ ပဲ့ကိုင်ရှင်အဖြစ် လည်းကောင်း၊ ရုရှားအစိုးရအဖွဲ့၏ မူဝါဒရေးရာဆိုင်ရာ အကြီးအကဲအဖြစ် လည်းကောင်း ထင်ရှားခဲ့သူတစ်ဦးကို ရုရှားသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်က ရာထူးနေရာ ပြောင်းလဲခန့်အပ်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ၏ စီးပွားရေးကဏ္ဍခေတ်မီရေး လုပ်ငန်းစဉ်များကို ကြီးကြပ်ကွပ်ကဲရန်အတွက် သမ္မတရုံး လက်ထောက်အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဗလာဒီဆလပ်ဗ်ဆာကော့ဗ်အား လက်ထောက်ဝန်ကြီးချုပ်အဖြစ် သမ္မတဒီမစ်ထရီမက်ဗီဒက်ဗ်က ခန့်အပ်လိုက်ကြောင်း သိရသည်။

မစ္စတာဆာကော့ဗ်သည် ရုရှားပြည်သူများအကြား နာမည်ကျော်ကြားခြင်းမရှိသော်လည်း ရုရှားအစိုးရအဖွဲ့၏ နိုင်ငံရေးဆိုင်ရာ မဟာဗျူဟာများနှင့် ဗလာဒီမာပူတင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ကျင့်သုံးခဲ့သည့် ထိန်းချုပ်ဒီမိုကရေစီစနစ်၏ ပဲ့ကိုင်ရှင်အဖြစ် ရှုမြင်သုံးသပ်ခံခဲ့ရသူဖြစ်သည်။

### အပြောင်းအလဲဖြစ်ပေါ်

ယခုလအတွင်း ကျင်းပခဲ့သော ရုရှားပါလီမန်ရွေးကောက်ပွဲ၌ မဲမသမာမှုများရှိခဲ့ကြောင်း စွပ်စွဲချက်များ ပေါ်ထွက်နေချိန်အတွင်း ကရင်မလင်အစိုးရအဖွဲ့ ထိပ်ပိုင်းရာထူးနေရာ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။



**ဟော်မုဇ်ရေလက်ကြားဒေသ၌ အီရန်ရေတပ်၏ စစ်ရေးလေ့ကျင့်မှုဆိုင်ရာ အစီအစဉ်များအား ရှင်းလင်းတင်ပြနေသော အီရန်ရေတပ်အကြီးအကဲကို တွေ့ရစဉ်။**

# အီရန်ကို စီးပွားရေးပိတ်ဆို့မှု တိုးမြှင့်မည်ဆိုပါက ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဟု ခြိမ်းခြောက်

တီဟီရန် ဒီဇင်ဘာ ၂၈

**အီရန်နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ ပိုမိုပြင်းထန်းလုပ်ဆောင်လာမည်ဆိုပါက မိမိတို့ကလည်း ဟော်မုဇ်ရေလက်ကြားတစ်လျှောက်ရှိ ရေနံတင်သင်္ဘောလမ်းကြောင်းများကို ပိတ်ဆို့မည်ဖြစ်ကြောင်း အီရန်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၇ ရက်တွင် ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။**

အီရန်နိုင်ငံ၏ ရေနံပို့ကုန်များကို ပိတ်ဆို့မည်ဆိုပါက ဟော်မုဇ်ရေလက်ကြားတစ်လျှောက်၌ မည်သည့်ရေနံတင်သင်္ဘောကိုမျှ ဖြတ်သန်းသွားလာခွင့် ပေးတော့မည် မဟုတ်ကြောင်း အီရန်နိုင်ငံ၏ ပထမလက်ထောက်သမ္မတ မိုဟာမက်ရီဇာ ရာဟီမီက တီဟီရန်မြို့၌ ကျင်းပသော နိုင်ငံတကာညီလာခံတစ်ခုတွင် ပြောကြားခဲ့သည်။

နျူကလီးယားပြဿနာကို အကြောင်းပြု၍ အီရန်နိုင်ငံအား ပိုမိုဖိအားပေးရေးအတွက် အဆင့်ဆင့် လုပ်ဆောင်သွားရန် အမေရိကန်ပြည်ထောင်စုက သုံးသပ်နေစဉ်အတွင်း ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့မည်ဟူ၍ အီရန်နိုင်ငံကခြိမ်းခြောက်လာခြင်းဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ရေနံဈေးကွက်သို့ အီရန်၏ ရေနံတင်ပို့မှုကို ကန့်သတ်ခြင်းဖြင့် အီရန်နိုင်ငံက လုပ်ဆောင်လျက်ရှိသော နျူကလီးယားလက်နက် တည်ဆောက်ရေးအစီအစဉ်အား တားဆီးရန် အမေရိကန်ပြည်ထောင်စုက စဉ်းစားသုံးသပ်လျက်ရှိသည်။

အကယ်၍ အီရန်နိုင်ငံနှင့် ပဋိပက္ခဖြစ်လာပါက ဟော်မုဇ်ရေလက်ကြားရေလမ်းကြောင်းများ ဆက်လက်ပွင့်နေရန် စီမံချက်တစ်ရပ် ရေးဆွဲထားပြီးဖြစ်ကြောင်း အမေရိကန်အစိုးရက ပြောကြားထားပြီး ဖြစ်သည်။

နေ့စဉ် ရေနံစည်ပေါင်း ၁၅ သန်းမျှကို ဖြတ်သန်းပို့ဆောင်ပေးနေသော ဟော်မုဇ်ရေလက်ကြားအတွင်း အီရန်ရေတပ်စစ်ရေးလေ့ကျင့်မှုနှင့်အတူ ရေလမ်းကြောင်း ပိတ်ပစ်မည်ဟူသည့်ခြိမ်းခြောက်မှု ပေါ်ထွက်လာခြင်းကြောင့် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၁ ဒေါ်လာအထိ ဈေးနှုန်းမြင့်တက်ခဲ့ရသည်။ ***အင်တာနက်။***





ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှု ကော်မတီ တတိယ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

**ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ကော်မတီအဆောင် အမှတ်(၁၀) အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကားပြောကြားသည်။**

ထို့နောက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီက လယ်သမားများ၊ ပြည်သူများနှင့် နိုင်ငံတော်အတွက် အကျိုးရှိစေမည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် တင်ပြနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဖွဲ့စည်းခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ၊ အာမခံကြေးနှင့် မြေခွန်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ၊ ကြီးကြပ်ခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအား ပံ့ပိုးဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည်တို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ကော်မတီ၏ လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသည့် မြို့မ(၄)ရပ်ကွက်ရှိ စက်မှု(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက်မှု(၁)လမ်းသည် ယခင်က မြေသားလမ်းအပေါ် အုတ်ကျိုးခင်း အမာခံလမ်းဖြစ်ပြီး ယခုအခါ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သဖြင့် ဒေသခံပြည်သူများ ရာသီမရွေး စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ဈေးရပ်ကွက်ရှိ မေတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး လမ်းသစ်အား ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မေတ္တာလမ်းသည် လမ်းအရှည်ပေ ၇၂၀နှင့် အကျယ် ၁၂ ပေရှိပြီး ယခုကဲ့သို့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သဖြင့် ဒေသခံပြည်သူများ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် စည်ပင်သာယာရေးဝန်ကြီးသည် တိုက်ကြီးမြို့နယ် တော်လတီကျေးရွာနှင့် ကလော့သော့ကျေးရွာတို့ကို ဆက်သွယ်ထားသော ကလော့သော့ကျေးရွာချင်းဆက်လမ်း မြေသားဖို့ခြင်း၊ လမ်းသားကြိတ်ခြင်းနှင့် ယင်းလမ်းရှိ ပဒေါဆပ်ချောင်း ရေနုတ်မြောင်း ရေစီးရေလာအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့ ကန်ကြီးရပ်ကွက် မြန်အောင်(၂)လမ်းနှင့်(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု မြိတ်မြို့ ကန်ကြီးရပ်ကွက်၌ ကတ္တရာလမ်းသစ်များ ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သော မြိတ်မြို့ ကန်ကြီးရပ်ကွက် မြန်အောင်(၂)လမ်းနှင့် (၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး၊ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ကန်ကြီးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ကတ္တရာလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ ကတ္တရာလမ်းသစ်ကို ကြည့်ရှုအားပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

# 'ဗလ'မရှိ 'ဇ'ရှိသည့် "စင်မကော်"

**သတင်းမှတ်စု**

**အောင်ဆွေ**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲတွင် ရွာအမည်ဆန်းသလောက် လှျမ်းလှျမ်းတောက် ခေတ်ရှေ့ပြေးနေသည့် ရွာငယ်လေးတစ်ရွာရှိပါသည်။ ထိုရွာကလေးမှာ အိမ်ခြေ ၁၅၀၊ အိမ်ထောင်စု ၄၁၅ စုနှင့် လူဦးရေ ၁၅၆၉ ဦးသာရှိပြီး အရေအတွက်နည်းသော်လည်း အရည်အချင်းအပြည့်ရှိသည့် ရွာကလေး(သို့မဟုတ်) "ဗလ"မရှိသော်လည်း "ဇ" ရှိသည့် ရွာကလေး ဖြစ်ပါသည်။ ရွာအမည်မှာ "စင်မကော်" ဖြစ်ပါသည်။ ကျောက်တန်းမြို့နယ် အတွင်းတွင် လယ်ယာကုန်ထုတ်နှင့် အသေးစားငွေစုငွေချေးအသင်းကို ၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်ကတည်းက ဦးသောင်းညွန့် လယ်ယာကုန်ထုတ်နှင့် ငွေစုငွေချေးအသင်းအမည်ဖြင့် စတင်တည်ထောင်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းမှ တစ်ခုတည်းသော လယ်ယာကုန်ထုတ်အသင်းတစ်သင်းဖြစ်ပါသည်။ လယ်သမားဦးရေ ၂၂၄ ဦးရှိသည့်အနက်မှ ၂၁၀ မှာ အသင်းဝင်များဖြစ်ကြပါသည်။ လယ်သမားများကိုသာမက လယ်ယာလုပ်သား ၁၁၈ ဦးကိုလည်း အသင်းမှ ချေးငွေများ ထုတ်ချေးထားနိုင်ခဲ့သည်။ အသင်းပိုင်အနေဖြင့် တစ်ရက်လျှင် ၇ ဧကပြီးအောင် ရိတ်နိုင်သော စပါးရိတ်စက် တစ်လုံးရှိပြီး ရိတ်သိမ်းခမှာ အခြားစက်များထက် တစ်ဧကလျှင် ကျပ် တစ်သောင်း သက်သာကြောင်း သိရသည်။ လယ်ယာကုန်ထုတ်အသင်းမှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ လယ်ယာသုံးပစ္စည်းနှင့် စက်ဆီ၊ ဒီဇယ်ဆီများကို ဝယ်ယူရရှိနိုင်သည်။ မိုးတွင်းအခါ အသုံးပြုနိုင်ရန်အတွက် အလျားပေ ၆၀ ရှိ အင်းလေးဘုတ် (ခေါ်) စက်လှေတစ်စင်းကိုလည်း အသင်းပိုင်အဖြစ် ထားရှိသည်။

ယခုတစ်ဖန် ကျေးရွာမီးလင်းရေး၊ လျှပ်စစ်မီးရရှိရေးကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေဆဲဖြစ်ပြီး လျှပ်စစ်မီးတိုင်များပင် ရောက်ရှိနေပြီဖြစ်သည်။ မကြာမီကာလအတွင်း ထွန်းလင်းလာတော့မည့် မီးရောင်အောက်တွင် ကျေးလက်ဖွံ့ဖြိုးရေး၏ အသီးအပွင့်များ "စင်မကော်" ကျေးရွာလေးတွင် ဝွားဝွား စွင့်စွင့် သီးပွင့်လာကြတော့မည်ကို မျှော်ရည်လျက် "ဗလ" မရှိသော်လည်း "ဇ" ရှိသည့် ဤ "စင်မကော်"ရွာလေးအား ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

ယခုကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးတွင် ခွန်အားရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှဖြင့် နိုင်ငံတော် တည်ဆောက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှမက အုတ်တစ်ကျင်း၊ သဲတစ်တင်း ပမာဏအထိ ရွာနှင့်မမျှအောင် စွမ်းဆောင်နိုင်ခဲ့သည့် အတုယူစရာ ရွာကလေးတစ်ရွာဖြစ်သည်။ နိုင်ငံတော်အတွင်း ဤကဲ့သို့သောရွာကလေးများ နိုင်ငံအနှံ့ရှိနေကြမည်ဆိုလျှင် ကျွန်တော်တို့နိုင်ငံတော်ကြီး တိုးတက်လာမည်မှာ ဧကန်ပင်ဖြစ်ပါသည်။

# ပဲခူးမြို့ အမှတ်(၉၀) သစ်စက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

**ပဲခူး ဒီဇင်ဘာ ၂၈**

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၉၀) သစ်စက်၌ ကျင်းပသည်။

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းစက်ရုံ တောင်ငူဒေသ မန်နေဂျာ ဦးလှဌေးနှင့် လက်ထောက်မန်နေဂျာ(စက်ရုံမှူး) ဦးတင့်လွင်တို့က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးကြသည်။

ယင်းနောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးလွင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောသည်။ ဆက်လက်၍ မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းနှင့် မီးသတ်ကားဖြင့် လက်တွေ့မီးငြိမ်းသတ်မှုကို စက်ရုံမီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများက သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)



**နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သဘော့ဆိပ်ကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြသန်း နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျောင်းအုပ်ဆရာကြီး ဦးဝင်းရှိန်အား ပေးအပ်စဉ်။**

(ခရိုင်ပြန်/ဆက်)



# အရည်အသွေးအာမခံချက်ရှိ စားသောက်ကုန် အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန်(၁)ရှိ မြို့မဆင်ဖြူတော် စားသောက်ကုန် လုပ်ငန်းစက်ရုံ၌ URS မှ ပေးသော ISO 9001: 2008 အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ISO 22000:2005 စားသောက်ကုန်လုပ်ငန်း ဘေးအန္တရာယ်ကင်းရှင်းကြောင်း၊ အရည်အသွေး အာမခံချက်ရှိကြောင်း နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ ဂုဏ်ပြုပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်က ကျင်းပရာ အာရှ-ပစိဖိတ် ကုန်ပစ္စည်းစစ်ဆေးရေး ကိုယ်စားလှယ် လုပ်ငန်း (APIA) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မိုးက မြို့မဆင်ဖြူတော် စားသောက်ကုန်လုပ်ငန်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းလွင်ထံသို့ ပေးအပ်သည်။**(ဝဲပုံ)**

အဆိုပါစက်မှုဇုန်ရှိ စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော ငရုတ်သီးမှုန့်၊ မဆလာနှင့် အမှုန့်မျိုးစုံသည် အရည်အသွေး အာမခံချက်ရှိသည့်အပြင် နိုင်ငံတကာအသိအမှတ်ပြု ထုတ်လုပ်မှုစနစ်ဖြင့် ထုတ်လုပ်နိုင်သောကြောင့် ပြည်တွင်း၌သာမက ပြည်ပသို့ပါ ဖြန့်ဖြူးရောင်းချနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**မီးဘေးရှောင် မလောင်ခင်တား**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် သဃ်န်းညီနောင်၊ မြဝတီခရိုင်အတွင်း ပညာရေး၊ သာသနာရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၆ ရက်တွင် သဃ်န်းညီနောင် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားမှု/သင်ယူမှု အထောက်အကူပြုခန်းမဆောင်များနှင့် သင်ခန်းစာပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာကြီးရုံးခန်း၌ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ပန်းအလှပင်နှင့် လေကာပင်များစိုက်ပျိုးရေး၊ ကျောင်းစာကြည့်တိုက်ဆောက်လုပ်ရေး လိုအပ်သည်များကို မှာကြားကာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေးအထောက်အကူပြု ထောက်ပံ့ချီးမြှင့်ငွေနှင့် ကျောင်းအထွေထွေအသုံးပြုနိုင်ရေး၊ သင်ထောက်ကူ/သင်ယူမှုအတွက်လိုအပ်သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဝှေ့ရှမ်းစံပြကျေးရွာအနီး နွေစပါးစိုက်ပျိုးရန် ရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် လယ်ယာမြေများထွန်ယက်ထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုကာ ပဲတီစိမ်းနှင့်မတ်ပဲကို စမ်းသပ်စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် နယ်မြေခံတပ်ရင်းရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအထွေထွေအသုံးပြုနိုင်ရေးထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် သီဟာသနကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့်ရွှေတိဂုံပုံတူ ဗုဒ္ဓမြတ်စွယ်တော်ပွားစေတီ တည်ထားဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မြဝတီကုန်သွယ်ရေးဇုန်၌ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မြဝတီမြို့ အေးချမ်းဖြိုးဧည့်ရိပ်သာ၌ စီးပွားရေးလုပ်ငန်းရှင်များ/ကုန်သည်ကြီးများနှင့်လည်းကောင်း တွေ့ဆုံကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပဲခူးတိုင်းဒေသကြီးထုတ်ဝါးများ ဈေးကွက်ဝယ်လိုအားမြင့်တက်

**ရေတာရှည် ဒီဇင်ဘာ ၂၈**

ပဲခူးရိုးမအတွင်းမှ ထုတ်ယူရရှိသည့် ဝါးများ ဈေးကွက်ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဖျားရိုးမတောတွင်းမှ ထုတ်ယူရရှိသော ကြသောင်းဝါးများအား ဆွာချောင်းတစ်လျှောက် ဖောင်ဖွဲ့မျှောကြရပြီး ဝါးဖောင်တစ်ဆက်လျှင် အလုံးရေ ၁၅၀ မှ ၁၇၀ အထိရှိသည်။

မိုးရာသီရေကောင်းချိန် ဝါးဖောင်မျှောရာတွင် အဆင်ပြေလွယ်ကူသော်လည်း ရေနည်းပါးသည့် ယခုကာလ၌ ဖောင်များကို လူအားဖြင့် ဆွဲယူရမှုများ၊ ဆင့်ကဲသယ်ယူစရိတ်များကြောင့် ကြသောင်းဝါးတစ်လုံးလျှင် အရွယ်အစားအလိုက် ၄၀၀၊ ၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချသည်။

ရေတာရှည်မြို့နယ်ထွက် ဝါးများအား မြစ်သား၊ မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာနှင့် ပျော်ဘွယ်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

(ကိုလွင်-ဆွာ)





**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး (တောင်ကြီး)မှ ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင် (ဒုတိယညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများသည် ယာဉ်ကြံ့ခိုင်မှုရှိရေးနှင့် ယာဉ်မောင်းရာတွင် သတ်မှတ်ထားသည့် လိုင်စင်ဖြင့်သာ မောင်းနှင်မှုရှိစေရေးအတွက် ရှောင်တခင်စစ်ဆေးစဉ်။**

(ကညန)

## မိုးစိုက်ကြက်သွန်များ လှိုင်လှိုင်ပေါ် ဆောင်းကြက်သွန်များ တိုးတက်စိုက်ပျိုး

**ရေစကြို ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်းမိုးနည်းဒေသဖြစ်သော်လည်း ရေခံ၊ မြေခံကောင်းများ ရှိနေခြင်းတို့ကြောင့် မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ စားဖိုဆောင်သီးနှံများကို ရာသီသုံးလီ စိုက်ပျိုးထုတ်လုပ်မှုတွင် သီးနှံစိုက်စွမ်းအား ၂၄၂ ရာခိုင်နှုန်းထိ စိုက်ပျိုးသောမြို့နယ်ဖြစ်သည်။

ထိုအထဲတွင် ကြက်သွန်နီကို မိုးနှင့်ဆောင်းရာသီနှစ်မျိုးတွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ယခုအခါမိုးစိုက်ကြက်သွန်ဖော်ချိန်တွင် ကုန်းတလင်း၊ ဇီးကုန်း၊ ညောင်တော၊ ညောင်ဗိုလ်ပင်၊ ရှစ်အိမ်တန်း၊ သာစည်၊ ဝါယာ၊ ကံစွယ် စသော ကျေးရွာများမှ ကြက်သွန်ပွဲရုံများသို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည်။ **(အောက်ပုံ)** မိုးစိုက်ကြက်သွန်များသည် နတ်တော်လမှ တပို့တွဲလအထိပေါ်ပြီး ပုံမှန်ဈေးနှုန်းရှိနေချိန်တွင် တစ်ရက်လျှင် ပိဿာ ရာဂဏန်းသာဝင်သော်လည်း ဈေးနှုန်းတက်သည့်ကာလတွင် တစ်ရက်လျှင် ပိဿာ ၂၀၀၀/ ၃၀၀၀ အထိ ဝင်ရောက်သည်။ ပွဲရုံသို့ ရောက်ရှိလာသော



**သတင်း - ဖေထွဏ်းဇော်(ရေစကြို)**

**ဓာတ်ပုံ - ဖေထွဏ်းလူ**

ကြက်သွန်များကို အရွယ်အစားအလိုက် အတန်းအစားလေးမျိုးခွဲ၍ ရန်ကုန်မြို့ရှိ ဘုရင့်နောင်ပွဲရုံသို့ တင်ပို့သည်။ တင်ပို့သော ကြက်သွန်များကို ပွဲရုံဖြတ်ဈေးဖြင့် လက်ခံရပြီး ဈေးကျလျှင် ရှုံး၍ ဈေးတက်လျှင်မြတ်သည်။ ကုန်စိမ်းပစ္စည်းဖြစ်၍ ဈေးကွက်မခိုင်မာကြောင်းနှင့် နိုင်ငံခြားဈေးကွက် ရှိသည့်နှစ်တွင် ကြက်သွန်စိုက်တောင်သူများ အကျိုးအမြတ်ရှိကြသော်လည်း ယခုနှစ်ကဲ့သို့ နိုင်ငံခြားဈေးကွက်မရှိသော နှစ်တွင် ကြက်သွန်စိုက်တောင်သူများမှာ လက်ရှိပေါက်ဈေးတစ်ပိဿာ ကျပ် ၃၀၀၊ ကျပ် ၄၀၀ သာရရှိကြသဖြင့် ကြက်သွန်တွေ လှိုင်လှိုင်ဖော်နေကြရသော်လည်း အရင်းမရဘဲ အရှုံးပေါ်နေကြရကြောင်း ရေစကြိုမြို့ရှိ ကြက်သွန်နီပွဲရုံမှ ဝယ်/ရောင်းပွဲစားဖြစ်သူ ဦးစန်းယုက ပြောပြသည်။

ယခုအခါ ရေစကြိုမြို့နယ်တွင် ဆောင်းရာသီကြက်သွန်နီ စိုက်ပျိုးခြင်းများကို ချင်းတွင်းမြစ်ရေပြန်အကျ ပေါ်ပေါက်လာသောသဲသောင်များနှင့် အလွယ်တကူရေယူနိုင်သော ဒေသများတွင် ဧကပေါင်း ၇၀၅၄ ဧကထိ တိုးတက်စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည်။ ။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၅ ၇။ အကပဒေသာ
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
- ၅း၂၀ ၈။ ရောင်စုံရေးသီတေးပန်းချီ
- ၅း၄၅ ၉။ "စာအုပ်စာပေ လူ့မိတ်ဆွေ"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "မျှဉ်း"(အပိုင်း-၇)**
- ၆း၃၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၁၈)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၃၀)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၀)**
- ၂၁။ အစီအစဉ်ပြီး၏။

## အသက်(၇၅)နှစ်နှင့်အထက် သက်ကြီး စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား ဒီဇင်ဘာ ၂၈**

အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နာယက ရဲမှူးမြင့်လွင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ တာဝန်ရှိသူများက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီမှ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၊ ရဲမှူးမြင့်လွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုတို့က ထောက်ပံ့ငွေကျပ် ၁၀၀၀၀ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစစ်မှုထမ်းဟောင်း ၂၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ စီ ထောက်ပံ့ပေးအပ်ချီးမြှင့်ခဲ့သည်။**(အောက်ပုံ)**

ယင်းနောက် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်၊ ကျေးရွာ ၂၈ ရွာမှ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင် ၂၈ ဦးအား ငွေကျပ် ၅၀၀၀ တန်ဖိုးရှိ စစ်မှုထမ်းဟောင်းဝတ်စုံများကို တစ်ဦးချင်းထောက်ပံ့ပေးအပ်သည်။ (ကြေးမုံ)



## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ် မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## အချိန်အခါမဟုတ်မိုးကြောင့် မတ်ပဲ၊ ကုလားပဲများ အထွက်တိုးနိုင်

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ အချိန်အခါမဟုတ် မိုးများရွာသွန်းခဲ့သဖြင့် ကောက်လျင်၊ ကောက်လတ်စပါးများ ရိတ်သိမ်းပြီး လယ်ကွက်များအတွင်း တောင်သူများ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသည့် မတ်ပဲ၊ ကုလားပဲခင်းများမှာ မိုးရေကြောင့် အပင်ကြီးထွားမှုနှုန်း ပိုမိုကောင်းမွန်ပြီး အထွက်နှုန်း တိုးတက်နိုင်ဖွယ်ရှိကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်ဒုတိယမန်နေဂျာ ဦးကြည်မြင့်၏ ပြောကြားချက်အရ သိရသည်။

ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့၌ မိုးရွာသွန်းခဲ့သည့်နှစ်များတွင် ဆောင်းသီးနှံ မတ်ပဲ၊ ကုလားပဲများ အပင်ကြီးထွားမှု မြန်ဆန်သွက်လက်ပြီး မိုးရွာသွန်းခြင်းမရှိသည့် နှစ်များထက် အထွက်နှုန်း ပိုမိုထွက်ရှိကြောင်း ဆောင်းသီးနှံနှစ်စဉ် စိုက်ပျိုးလျက်ရှိသည့် တရုပ်ကောအုပ်စုမှ တောင်သူကြီး ဦးမြတ်ထွန်း၏ ပြောပြချက်အရ သိရှိရသည်။

## တောင်တွင်းကြီး၌ အချိန်အခါမဟုတ်မိုးရွာသွန်း၊ တောင်သူအချို့ ကောက်ကြီးစပါးများ လေလွင့်ဆုံးရှုံး

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ အချိန်အခါမဟုတ် မိုးများရွာသွန်းခဲ့သဖြင့် ကျေးရွာအုပ်စုများမှ တောင်သူအချို့ ရိတ်သိမ်းထားသည့် ကောက်ကြီးစပါး ကောက်လှိုင်းပုံကြီးများ မိုးမိ၍ လေလွင့်ဆုံးရှုံးမှုဖြစ်နိုင်ကြောင်း သိရသည်။

သို့သော်လည်း ရေဒီယိုမှ ထုတ်လွှင့်ပေးသည့် မိုးလေဝသသတင်းကို အဆက်မပြတ်နားထောင်၍ စပါးခင်းများကို သမားရိုးကျ ရိတ်သိမ်းခြင်းအစား စက်များကို အသုံးပြုပြီး တလင်းပျောက်စနစ်သုံး၍ ရိတ်သိမ်းခြွေလှေ့ခဲ့ကြသည့် တောင်သူအချို့မှာ မိုးလွတ်စွာဖြင့် အမိုးအကာအောက် အရောက် သိုလှောင်ထားနိုင်ခဲ့ကြောင်း သဖန်းကုန်းကျေးရွာမှ တောင်သူကြီး ဦးစိုးမြင့်၏ ပြောပြချက်အရသိရသည်။

(၅၈၀)

## ❍ မြန်မာနိုင်ငံမှ

ဘဏ်ချေးငွေများအတွက် အတိုးနှုန်းကို ချေးငွေအမျိုးအစားအလိုက် ၁၃ ရာခိုင်နှုန်းထက်မများစေရန် လျှော့ချသတ်မှတ်လိုက်သည်။ ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ယခင် ၁၅ ရာခိုင်နှုန်းမှ ယခု ၁၃ ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်းကြောင့် စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များအနေဖြင့် ယခင်ကထက် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ❖ ကျောဖုံးမှ

ဘဏ်များ၏ အပ်ငွေအပေါ်ပေးသည့်အတိုးနှုန်းနှင့် ဘဏ်များကချေးငွေအပေါ်ကောက်ခံသည့် အတိုးနှုန်းများကိုလည်း အသီးသီးလျှော့ချခဲ့ခြင်းနှင့် လိုက်လျောညီထွေ အစိုးရငွေတိုက်စာချုပ်များအပေါ် အတိုးနှုန်းကို သက်တမ်းနှစ်နှစ်အတွက် ၈ ဒသမ ၇၅ ရာခိုင်နှုန်း၊ သက်တမ်း သုံးနှစ်အတွက် ၉ ဒသမ ၀၀ ရာခိုင်နှုန်းနှင့် သက်တမ်း ငါးနှစ်အတွက် ၉ ဒသမ ၅၀ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်ကြောင်း သိရသည်။

အတိုးငွေများကို နှစ်ဝက်တစ်ကြိမ် ထုတ်ပေးပြီး နှစ်စဉ် မတ် ၁၅ ရက်နှင့် စက်တင်ဘာ ၁၅ ရက်တို့တွင် ထုတ်ယူနိုင်သည်။ ထို့အပြင် စာချုပ်များကို လွှဲပြောင်းရောင်းချခွင့်ရှိသည်။

အစိုးရငွေတိုက်စာချုပ်များကို နေပြည်တော်၌ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ဘဏ်များဇုန်၊ သီရိကျော်စွာလမ်း၌လည်းကောင်း၊ ရန်ကုန်မြို့၌ မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ အမှတ်(၂၁/၂၅) ဆူးလေဘုရားလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ်ငွေစုဘဏ်ခွဲ (၁) (၂) (၃) (၄)တို့၌လည်းကောင်း၊ မန္တလေးမြို့၌ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၊ (၂)၊ (၃) တို့၌လည်းကောင်း တိုက်ရိုက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေးနှင့် စပ်လျဉ်း၍ရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာ အမ် မာတီ အမ် နာတာလီဂါဝါသည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ ဒုတိယအကြိမ်မြောက် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ-နိုင်ငံခြားသတင်းထောက်များ၊ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့်ဂျာနယ်များမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် သံရုံးမှတာဝန်ရှိသူများ၊ သတင်းထောက်များ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဒုတိယအကြိမ်မြောက် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့်အဖွဲ့ ယာဉ်/လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များ စစ်ဆေးအရေးယူဆောင်ရွက်နေမှု ကြည့်ရှုကြပ်မတ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ် ရှစ်မြို့နယ်ရှိ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲနှင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း/အဝေးပြေး)တို့ ပူးပေါင်းစစ်ဆေး အရေးယူသောအဖွဲ့ ရှစ်ဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ဆိုင်ကယ်အသုံးပြုသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်ကြရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ အရှိန်ပြင်း မမောင်းရန်၊ မောင်းနှင်သူနှင့် ဆိုင်ကယ်တွင် သတ်မှတ်လိုင်စင်များ ပါရှိကြစေရန်အတွက် အရှိန်အဟုန်မြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် ဆပ်ကော်မတီဝင်များက လိုက်လံစစ်ဆေးကြပ်မတ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဝင်ကလေးငယ်များအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြမြအေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုးစိုးမူနှင့် တာဝန်ရှိသူများက အကဲဖြတ်ဆောင်ရွက်ကြစဉ်။**

(၃၂၉)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ပြုံးသေမဲ့သေ" တရားတော် (ဆရာတော်အရှင်နန္ဒက)
- ၆း၂၅ ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင် သဘာဝလိုဏ်ဂူတော်
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၂၃)**
- ၈း၄၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၃)
- ၈း၅၅ ထူးမြတ်ပူဇော် ဝိဇာတအလှူတော်
- ၉း၁၀ လပြည့်ဝန်းပမာအမေ့မေတ္တာ
- ၉း၂၅ Intellectual Talk
- ၁၀း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၅ The Champion of Dance
- ၁၁း၂၀ ဖန်သားရုပ်မြင်စာဆိုသဘင် "စာနယ်ဇင်းသမား အမှားနှစ်ထောင်" (ဦးမြတ်ခိုင်)
- ၁၁း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၈)**
- ၁၂း၂၅ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၏ အာစရိယပူဇော်ပွဲ(၁၉၈၃-၁၉၈၈)
- ၁၂း၄၀ Activities In The City
- ၁း၀၀ "ပြုံးသေမဲ့သေ" တရားတော် (ဆရာတော်အရှင်နန္ဒက)
- ၁း၄၅ Enterprise India Show 2011 မှ Tata Motors
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၀၀ ကုသိုလ်ရန့်တို့ သင်းပျံ့လှိုင်. . . Golden Lamps အမွှေးတိုင်
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၀)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၂၃)**
- ၅း၀၅ ရန်ကုန်မြင်ကွင်းကျယ်
- ၅း၂၀ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ် မြောက်မြေခြားရွာသို့ အလည်တစ်ခေါက်
- ၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၈)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၁)**
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၄၀ အနုပညာမိုးကောင်းကင်
- ၉း၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
- ၉း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၄)
- ၉း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၂၄)**
- ၁၀း၁၅ ဓာတ်ပုံထဲမှ အမှတ်တရများ
- ၁၀း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၉)**
- ၁၁း၀၀ ဂီတသရုပ်ပြခန်း
- ၁၁း၂၅ Activities In The City
- ၁၁း၄၅ ဒွိတိုင်းဌာနီဧရာဝတီ
- ၁၂း၂၀ အဇ္ဈတ္တကစားပွဲ (မင်းရဲဆက်၊ ချစ်ကို၊ အေးမင်းဖြူ၊ မပန်းဝါ၊ ထက်မြတ်မြတ်ဌေး) [ဒါရိုက်တာ-ဇော်မင်းပိုက်(SM)]
- ၁၂း၄၅ ရွှေလာငွေလာ သုံးရောင်ခြယ်မာလကာ
- ၁း၁၀ အောင်မြင်သူတို့ဘဝ
- ၁း၃၅ ယဉ်တကာ့ယဉ်
- ၁း၅၀ ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပုဝါအုပ်ဆိုး (ငှက်ပျောကြော်၊ ဗေလုဝ)
- ၁း၅၅ လှပချစ်စရာလက်မှုအနုပညာ
- ၂း၂၅ ခံစားချက်တို့ပေါင်းစုံရာ. . . ပပလီကမ်းခြေသာ
- ၂း၄၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၂း၅၀ လားရှိုးမြို့မှ ကြိုဆိုပါ၏
- ၃း၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၁၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်. . .
- ၄း၂၀ ဖွံ့ဖြိုးသာယာကောလင်းမြေမှာ
- ၄း၄၀ သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ပြည်တွင်း၊ ပြည်ပ အနုပညာရပ်ဝန်း

# ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ယခုသောကြာပတ်ဒီဇင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ်နှင့် နိုင်ငံခြားဇာတ်ကားသစ်များရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသနေသည်။ သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် နဝဒေးရုံများတွင် ပြသဆဲ ချိန်းဇာတ်ကား ပြသနေပြီး နာမည်ကြီးဇာတ်ညွှန်းရေးဆရာ အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ သိန်းဟန်(ဖိုးနစ်)က လက်စွမ်းပြရိုက်ကူးထားသည်။ ဟာသရောစွက်ရိုက်ကူးထား၍လည်း ပရိသတ်ငြီးငွေ့မှုမရှိဘဲ ကြည့်ရှုကြရမည့် ဇာတ်ကားဖြစ်သည်။ နေတိုး၊ ကျော်ကျော်ဗိုနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ကြသည်။ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံများတွင် မြန်မာဟာသဇာတ်ကား ချောကလက်ဘေဘီ ပြသနေပြီး လာမည့်အပတ်တွင် ဒါရိုက်တာ ခင်စောမျိုး၏ အမေ့ကျေးဇူး ဆပ်ဖူးချင်တယ် ဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

**- နိုင်ငံခြားရုပ်ရှင် -**

ရှေ့ဆောင်ရုံတွင် နာမည်ကြီး ဇာတ်ညွှန်းနှင့်ဒါရိုက်တာ စတီဗင်စပီးဘတ်၏ THE ADVENTURES OF TINTIN ပင်လယ်ဓားပြရတနာသိုက်ရှာဖွေခြင်းဇာတ်ကားနှင့် နေပြည်တော်ရုံတွင် သွေးစုပ်ဖုတ်ကောင်နှင့် သမန်းဝံပုလွေဇာတ်ကား THE TWILIGHT SAGA: BREAKING DAWN PART 1 ဇာတ်ကားများ ပြသမည်ဖြစ်သည်။



**မြန်မာဇာတ်ကားသစ် 'ချိန်း' မှ နေတိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။**

# အချစ်ရေးနှင့် စစ်ရေးကြားမှ အလွမ်းပုံပြင်
# (In the Land of Blood and Honey)



In the Land of Blood and Honey (ဝဲပံ့) ဇာတ်ကားသည် နာမည်ကျော် ဟောလိဝုဒ်မင်းသမီးချော အိန်ဂျလီနာဂျိုလီ၏ ပထမဆုံးအကြိမ် ဒါရိုက်တာအဖြစ် ရိုက်ကူးတင်ပြသော လက်ရာမွန်ဖြစ်သည်။

၎င်းဇာတ်ကားသည် ဆာရာဂျေဗိုမြို့ပတ်ဝန်းကျင် အနေအထားများကို နောက်ခံထားပြီး ဘော့စနီးယားစစ်ပွဲကာလအတွင်းမှ ချစ်ပုံပြင်တစ်ပုဒ်ကို သရုပ်ဖော်တင်ပြထားခြင်း ဖြစ်သည်။

ဘော့စနီးယားအတွက် တိုက်ပွဲဝင်နေရသော စစ်သားဒန်နီဂျယ်သည် ၎င်းကြီးကြပ်အုပ်ချုပ်နေရသည့် အကျဉ်းစခန်းအတွင်းမှ မိတ်ဟောင်းဆွေဟောင်း အဂျလာကို မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ခဲ့သည်။ ဒန်နီဂျယ်နှင့် အဂျလာတို့ ဆက်ဆံရေးသည် ယခင်ကထက် ပိုမိုလေးနက်လာပြီး သံယောဇဉ်နှောင်ကြိုးများ ရစ်ကာပတ်ကာဖြင့် ချစ်သူဘဝသို့ ရောက်ရှိသွားကြသော်လည်း ၎င်းတို့၏ အနာဂတ်မျှော်လင့်ချက်၊ တစ်ဦးအပေါ်တစ်ဦးထားရှိသည့် ကတိသစ္စာတို့မှာ လက်နက်ကိုင်ပဋိပက္ခစစ်ပွဲများကြားတွင် ဘာမျှ သေချာရေရာမှုမရှိသည့် စစ်ရေးနှင့် အချစ်ရေးကြားမှ အလွမ်းအဆွေးများကို ရှုစားကြရမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ဒန်နီဂျယ်အဖြစ် မင်းသားဂိုရန်ကော့စတစ်နှင့် အဂျလာအဖြစ် မင်းသမီး မာဂျန်နိုဗစ်တို့က အဓိကဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အမေရိကန်နိုင်ငံ၌ ဒီဇင်ဘာ ၂၃ ရက်တွင် စတင်ဖြန့်ချိပြသနေပြီဖြစ်သည်။ ***အင်တာနက်။***

**အောဝမ်းစိုး**



သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျိုင်းတုံမြို့ မိုင်းဇင်းဝက်မွေးမြူရေးခြံအတွင်း ကြည့်ရှုစဉ်။

(သတင်းစဉ်)

# မွေးမြူသူအား လက်ရှိဝက်တန်ဖိုးမှ အကြွေးစနစ်ဖြင့် ရောင်းချသော တန်ဖိုးနှင့် အစာစရိတ်ကို နုတ်၍ ကျန်ငွေပေးချေသောစနစ်ကို ဆောင်ရွက်သွားကြရန်လို

နေပြည်တော် ဒီဇင်ဘာ ၂၈

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း၊ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့ ရွှေကောင်းကင်မွေးမြူရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် မိုင်းဇင်းမွေးမြူရေးခြံသို့ သွားရောက်ပြီး ဝက်မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ မွေးမြူရေးခြံအဝင်ရှိ ပိုးသတ်ခန်းနှင့် မွေးမြူရေးအစာ သိုလှောင်ထားရှိမှုကို ကြည့်ရှုပြီး မျိုးသားဖောက်ခါတ်ခွဲခန်း၊ ဝက်ထီးနှင့် ဝက်မ မွေးမြူရေးဆောင်၊ ဝက်များ သားဖောက် မွေးမြူထားရှိမှုနှင့် ရောင်းတန်းဝင်ဝက်များ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခြံပိုင်ရှင်၊ ခြံတာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ မိုင်းဇင်း ရွှေကောင်းကင် ဝက်မွေးမြူရေးခြံသည် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် စံပြမွေးမြူရေးခြံဖြစ်ကြောင်း၊ ယခုမွေးမြူရေးခြံသည် အသားတိုးဝက်မျိုးများကို မေထုန်မဲ့ မျိုးစပ်နည်း DLR စနစ်ဖြင့် မွေးမြူနေသည့် ခြံဖြစ်သဖြင့် လက်ရှိတစ်နှစ်လျှင် ဝက်ကောင်ရေ ၄၀၀၀ မျိုးစပ်မွေးမြူလျက်ရှိရာမှ နှစ်ဆတိုး၍ မွေးမြူနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း၊ ယင်းတိုးပွားလာသည့် အသားတိုးဝက်များကို မြို့ပေါ်ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူများသို့ သမဝါယမအသင်းအစုဖွဲ့စနစ် အသုံးပြု၍ အကြွေးစနစ်ဖြင့် ရောင်းချပြီး မွေးမြူရေးအစာ ထုတ်ပေးကာ ရက်ပေါင်း ၁၈၀ ပြည့်ပြီး ကုန်စည်ဝက်အဖြစ် ဈေးကွက်သို့ ပို့ဆောင်မည့်အချိန်တွင် မွေးမြူသူအား လက်ရှိဝက်တန်ဖိုးမှ အကြွေးစနစ်ဖြင့် ရောင်းချသော တန်ဖိုးနှင့် အစာစရိတ်ကိုနုတ်၍ ကျန်ငွေပေးချေသော စနစ်ကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထိုသို့ မွေးဘက်ပေးသောစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းရှင်များအနေဖြင့် ထိန်းသိမ်းစရိတ် သက်သာသကဲ့သို့ မွေးမြူသူများမှာလည်း ကိုယ်တိုင်မွေးမြူခြင်းဖြင့် အရည်အသွေးကောင်းမွန်သော အသားကို စားသုံးနိုင်ပြီး ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာကာ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးလုပ်ကိုင်သူ တိုင်းရင်းသားပြည်သူများအား လုပ်ငန်းများ ခေတ္တရပ်နားချိန်တွင် ဝက်၊ ဆိတ်နှင့် နွားများကို မွေးမြူခြင်းဖြင့် အပိုဝင်ငွေ ရရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ဈေးနှုန်း လျှော့ချနိုင်ရေးအတွက် ထုတ်လုပ်မှုစရိတ်ကို လျှော့ချရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးအတွက် အစာစရိတ်ကို လျှော့ချရမည်ဖြစ်ကြောင်း၊ ဝက်မွေးမြူသော စနစ်သည် ပြည်သူများ အပိုဝင်ငွေရရှိစေရန် ဆောင်ရွက်သည့်စနစ်ဖြစ်သကဲ့သို့ စုဆောင်းသည့် အလေ့အကျင့် ရရှိစေရန် ဆောင်ရွက်သော စနစ်ဖြစ်ကြောင်း၊ ဝက်မွေးမြူသူများအနေဖြင့်လည်း ဝက်များကို ပြည်ပဈေးကွက်များသို့ တင်ပို့ရာတွင် တရားဝင်လမ်းကြောင်းမှ တင်ပို့ရောင်းချစေလိုကြောင်း၊ ပြည်တွင်းဈေးကွက်တွင် သားသတ်လိုင်စင်စီ စနစ်ကြောင့် ကုန်ဈေးနှုန်း မကြီးမြင့်စေရန်နှင့် ကိုယ်တိုင်မွေး ကိုယ်တိုင်စားသုံးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများကို သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။ (သတင်းစဉ်)

## အစ္စရေးနိုင်ငံသမ္မတထံသို့ သံအမတ်ကြီး ဦးမျိုးအေးက ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ ခန့်အပ်လွှာကို ဒီဇင်ဘာ ၁၄ ရက်တွင် ဂျေရုဆလင်မြို့၌ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ ရှီမွန် ပဲရေစ့်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## လျှပ်စစ်ဓာတ်အား အချိန်ပိုင်း ပြတ်တောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

စွမ်းအင်ဝန်ကြီးဌာန ရဲတံခွန်ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်ကာလအတွင်း ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများ ရပ်နားထားရမည်ဖြစ်၍ စက်မှုဇုန်များ၌ နေ့ပိုင်းတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု ရပ်ဆိုင်းထားမည်ဖြစ်ပြီး ည ၁၁ နာရီမှ နံနက် ၅ နာရီအတွင်းသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်းမြို့နယ်ရှိ ရပ်ကွက်အချို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြည်တော်၊ တောင်လုံးပြန်၊ စက်ဆန်း၊ ကန်တော်လေး (အရှေ့၊အနောက်၊ တောင်၊ မြောက်)၊ သိမ်ဖြူ၊ စံပြ၊ ဖဆပလ၊ လွတ်လပ်ရေး၊ တောင်ညွန့်၊ မီးရထား၊ ဖို့မြေ၊ သာယာကုန်း၊ ရေတွင်းကုန်း၊ သပြေကုန်းရပ်ကွက်နှင့် ယုဇနပလာဇာ၊ မင်္ဂလာဈေး၊ တာမွေမြို့နယ် နတ်မောက်၊ မအူကုန်း၊ အရိုးကုန်း၊ ပုဏ္ဏားကုန်း၊ အောင်မင်္ဂလာ၊ ကျောက်မြောင်းကြီး ရပ်ကွက်နေရာများ၌ အချိန်ပိုင်း ဓာတ်အား ပြတ်တောက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



## ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာနာယက မေတ္တာဦး အခမဲ့ဆေးခန်းသို့ အလှူငွေလှူဒါန်း

**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဇနီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးသည် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁၆ ရက်က ဒိုက်ဦးမြို့ အောင်ချမ်းသာလမ်းတွင် ဖွင့်လှစ်ထားသည့် မေတ္တာဦးအခမဲ့ဆေးခန်းသို့ ရောက်ရှိပြီး ဆေးကုသခံယူရန် ရောက်ရှိနေကြသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကာ မေတ္တာဦး အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းဒါရိုက်တာ ဦးခွန်ဘသောင်းသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး မိသားစု၏ ဆေးအလှူတော်ငွေအဖြစ် ငွေကျပ် နှစ်သိန်းကို ဝန်ကြီးချုပ်၏ ဇနီး ဒေါ်မြင့်မြင့်စိုးက ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(ကြေးမုံ)

# ဆုယူသူတို့နှလုံးသား

❁ အလင်္ကာသဘင်မှာ
မင်္ဂလာချိန်ခါကျ။
စာပေဆုရယ်လို့
အနုပညာချီးမြှောက်ပွဲ
ဆင်နွှဲတဲ့လ။

❁ အမျိုးသားစာပေ
အခြေကိုမြှင့်နိုင်မှ။
နိုင်ငံရဲ့ဂုဏ်ဒြပ်ဟာ
မြင့်မြတ်ခြင်းခြံရံဝိုင်း
သမိုင်းအလှ။

❁ စာပေဗိမာန်
မြစ်ဖျားခံ စာပေဘဝ။
ခေတ်အဆက်ဆက်ရယ်မှ
ဆက်လျက်သာ ပွားစုစည်းကာ
ခရီးရှည် ဆက်ကာလှမ်းဖို့
နိဒါန်းအစ။

❁ ပညာရဲရင့် ပွဲတင့်သည်
သြော်... စာရဲရင့်လို့ ပွဲဆင့်ပြီ
စင်မြင့်ဆီ တက်ကာလှမ်း။
စာပေဖြင့် လောကအကျိုး
သယ်ပိုးသူ နှလုံးသားကို
ခွန်အားတွေ ခြေလှမ်းသစ်နဲ့
ချစ်ဖို့ရာ ဆင့်ကာကမ်းတဲ့
လမ်းဖွင့်စခန်း။ ။

**စိုးမြင့်သန်းမောင်(စာပေဗိမာန်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်နိုင်ရန်အတွက် အလှူရှင် ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ ကမာကြည်လမ်းသွယ် (၂၉) ရပ်ကွက် သုဝဏ္ဏနှင့် (၁၅၄/၁)ကောက်လျှင် (၁)လမ်း (၂၉) ရပ်ကွက် သုဝဏ္ဏမြို့နေ သား ဒုတိယဗိုလ်မှူးကြီးအောင်ကြီး (ငြိမ်း) မိသားစု၊ သမီး ဒေါ်ခင်မာကြိုင်၊ ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်သန်းမြင့်တို့က အလှူငွေကျပ် သိန်း ၂၇၀ ကို အလှူခံဌာန အဘိဓမ္မာဓမ္မဗိမာန်တော်အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# စာအုပ်စာစောင်များ တစ်နိုင်တစ်ပိုင် အခမဲ့ဖတ်ရှုနိုင်

ပညာလိုသည် အိုသည်မရှိ၊ ပညာ ရွှေအိုး လူမခိုး၊ ပညာရဲရင့်ပွဲလယ်တင့်၊ အလိမ္မာ စာကောင်းပေကောင်းမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေတင့်မှ လူမျိုးမြင့်မည်၊ စာပေကောင်းကောင်း ဖတ်လေ ဉာဏ်မျက်စိပွင့်လေ စသည်ဖြင့် စာပေပညာရှင်များက စာပေတန်ဖိုးကို မြှင့်တင်ဖွဲ့ဆိုထားသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဉယျာဉ်မြို့တော် ၉၄-ရပ်ကွက် ပိတောက်လမ်း၌ တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်သစ်ပင် အရိပ်အာဝါသအောက် ခုံတန်းရှည်ပေါ် စာပေစာစောင်၊ သတင်းဂျာနယ်များတင်ထားပြီး တစ်နိုင်တစ်ပိုင် မည်သူမဆို အခမဲ့ ဖတ်ရှုနိုင်သည့် ကြော်ငြာဆိုင်းဘုတ် ထောင်ထားသည်ကို တွေ့လိုက်ရ၍ စာပေသတင်းသမားတစ်ဦးအနေဖြင့် စိတ်ဝင်တစား သွားရောက်ဖတ်ရှုလေ့လာရင်းနှင့် လူငယ် မောင်နိုင်ဝင်းနှင့် တွေ့ဆုံ မေးမြန်းဖြစ်သည်။ "ကျွန်တော်စတင် အကောင်အထည်ဖော်ဖြစ်တာ ရက်ပိုင်းပဲရှိပါသေးတယ်။ ကျွန်တော်တို့ စာဖတ်ဝါသနာရှင် လူငယ်မိတ်ဆွေများ တွေ့ဆုံတိုင်ပင်ပြီး ကျွန်တော်တို့လိုပဲ အားလပ်အနားယူတဲ့အချိန်မှာ စာပေဗဟုသုတ သတင်းဂျာနယ်များကို ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ စာဖတ်ပရိသတ် အသိပညာဗဟုသုတ တိုးပွားနိုင်ကြစေရန် စိတ်ကောင်းစေတနာနှင့် ယခုလို စတင်အကောင်အထည်ဖော်ဖြစ်သွားတာပါ။ မကြာမကြာ စာဖတ်ပရိသတ်၊ စာပေဝါသနာရှင်များဘက်ကလည်း စာပေစာစောင် သတင်းဂျာနယ်မျိုးစုံကိုလည်း လာရောက်အားပေးကူညီ လှူဒါန်းသွားပါတယ်။

မကြာမီ ရပ်ကွက်စာကြည့်တိုက် ဖွင့်လှစ်တော့မှာပါ။ စာကြည့်တိုက်ဖွင့်ရင် ဒီမှာရှိတဲ့ စာအုပ်စာစောင်၊ သတင်းဂျာနယ် မျိုးစုံအားလုံးကိုလည်း စာကြည့်တိုက်ကို လှူဒါန်းသွားမှာပါ"ဟု ပြောကြားသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလည်း မြို့နယ်/ရပ်ကွက်/ကျေးရွာများတွင် စာကြည့်တိုက် အတော်များများ အကောင်အထည်ဖော် ကူညီပံ့ပိုး ဖွင့်လှစ်ပေးခဲ့ပြီဖြစ်ရာ အကြောင်း



အမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော ရပ်ကွက်/ကျေးရွာများသည် မောင်နိုင်ဝင်းတို့လို ကိုယ့်အားကိုယ်ကိုး တစ်နိုင်တစ်ပိုင် မည်သူမဆို အခမဲ့ဖတ်ရှုရန် စီစဉ်ပြီး ပဏာမ စတင်အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ရန် ရည်ညွှန်း၍ ရေးသားတင်ပြလိုက်ရပါသည်။ (ကျင်မောင်)

# အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၈**

အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်အမှတ်(၇) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပလျက်ရှိသော ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ချန်းချွမ်ကစားနည်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က နှစ်ဖက်သွားဓားကစားနည်း ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား လည်းကောင်း၊ အတွင်းရေးမှူး အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက နန်းချွမ်ကစားနည်း ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တုတ်ရှည်ကစားနည်း ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အလားတူပင် ယမန်နေ့ ကရာတေးဒိုပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း၊ အမျိုးသားအဖွဲ့လိုက်၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီးအဖွဲ့လိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယနေ့တွင် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များဖြစ်သော အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ အသင်းလိုက် အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသားဂျူနီယာတင်းနစ်၊ အမျိုးသမီးဂျူနီယာတင်းနစ်၊ အမျိုးသား မီနီတင်းနစ်၊ အမျိုးသမီး မီနီတင်းနစ်၊ စစ်တုရင်၊ ရေကူး၊ တိုက်ကွမ်ဒို၊ ဝူရှူးပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားရုံ၊ အားကစားကွင်းများ၌ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြည့်ရှုအားပေး

**အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ဒို့ကျေးရွာဂျာနယ် အတွဲ(၉)၊ အမှတ်(၁) ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဒို့ကျေးရွာဂျာနယ်တွင် နွေစပါးအထွက်တိုးရေး စိုက်ချိန်မှန်ကိုရွေး၊ အထွက်နှုန်းသေချာ စပ်မျိုးနေကြာစိုက်ပါ၊ သဘော်သီးပင် စီးပွားဖြစ် စိုက်ပျိုးနည်း၊ ဒေသတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်မှုများမှသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်နေမှုများကြောင့် ပြည်သူများ ဝမ်းသာပီတိဝေဖြာလျက်ရှိ၊ ဖဲမွေ့ရာ ရွှေကော်ဇောရောနှောလို့ထိုင်၊ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းသစ်ဆီသို့ ၂၀၁၀ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါက်တာသော်ကောင်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ကျေးလက်စီးပွားဖွံ့ဖြိုးရေး တစ်နိုင်မွေးမြူပေး၊ မျိုးဝက်သိုးများ စနစ်တကျ မွေးမြူရေး၊ ဆေးဖက်ဝင်သည့် မြင်းခွာရွက်၊ သတိဖြင့် တိုက်ကျွေးပေး ကယ်လ်ဆီယမ်အားဖြည့်ဆေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံစေရန် ဗီယက်နမ်ဆန်အထောက်အပံ့ပြု စသည်တို့ပါရှိသည်။

ဒို့ကျေးရွာဂျာနယ်သို့ စာမူနှင့် ကြော်ငြာများ ပေးပို့လိုပါက အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)



# ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ အငယ်တန်း၊ အကြီးတန်း ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ ဦးရဲမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ အငယ်တန်း ကာယဗလမောင် ကိုးဦး၊ အငယ်တန်း ကာယအလှမယ် ၁၈ ဦး၊ အကြီးတန်း ကာယဗလမောင် ရှစ်ဦး၊ အကြီးတန်း ကာယအလှမယ် ၁၀ ဦးတို့ ပဏာမပါဝင်ယှဉ်ပြိုင်ကြရာ ယှဉ်ပြိုင်သူများအနက်မှ ပြိုင်ပွဲတစ်မျိုးလျှင် လက်ရွေးစင် ၁၀ ဦးစီ ရွေးချယ်သည်။

ဒီဇင်ဘာ ၂၉ ရက်တွင် ရွေးချယ်ထားသော လက်ရွေးစင်များက နောက်ဆုံးအဆင့် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ရခိုင်ကမ်းရိုးတန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ဧရာဝတီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပူတာအိုမြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ မချမ်းဘောမြို့၊ အမ်းမြို့နှင့် မာန်အောင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ဟဲဟိုးမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ဆောမြို့တွင် သုည ဒသမ ၉၀ လက်မနှင့် ရမည်းသင်းမြို့နှင့် စစ်တွေမြို့တို့တွင် သုည ဒသမ ၈၃ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" (THANE) သည် အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက် မိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ရခိုင်ကမ်းရိုးတန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

## နိုင်ငံတကာ အားကစားသတင်းများ

# အသင်း၏ ရန်ပုံငွေမြှင့်တင်ရန် ရှနိုက်ဒါအား အင်တာမီလန်အသင်း ရောင်းထုတ်လို ယင်းအခွင့်အရေးကို ဖာဂူဆန် အရယူဖွယ်ရှိ



**မန်ချက်စတာ ဒီဇင်ဘာ ၂၈**

အင်တာမီလန်အသင်းသည် အသင်း၏ ရန်ပုံငွေကို မြှင့်တင်ပြီး အသင်းအားပြန်လည်သွေးသစ်လောင်းရန် ရည်ရွယ်၍ ၎င်းတို့၏ ကွင်းလယ်ကစားသမား ရှနိုက်ဒါ**(ယာပုံ)**ကို ရောင်းထုတ်ပြီး ယင်းမှ ရရှိသည့်ငွေဖြင့် ကစားသမားသစ်များ ထပ်မံဝယ်ယူမည်ဟု ထုတ်ဖော်ပြောကြားလာသဖြင့် မန်ယူနည်းပြ ဖာဂူဆန်သည် ယင်းအခွင့်အရေးကို အရယူရန် ကြံရွယ်နေသည်။

မန်ယူအသင်းရှိ ကစားသမားအများစုမှာ ယခု ခရစ္စမတ်ပွဲကျပ်ကာလအတွင်း ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရ၍ ဖာဂူဆန်အနေဖြင့် ၎င်းအား ခေါ်ယူလိုခြင်း ဖြစ်သည်။ အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီက ရှနိုက်ဒါကို ထုတ်ရောင်းရန် ကိစ္စအတွက် အချိန်အတော်ကြာ စဉ်းစားခဲ့ရကြောင်း၊ သို့သော် မိမိတို့သည် ၎င်းအတွက် လစာငွေအမြောက်အမြားပေးချေနေရသဖြင့် အသင်း၏ရန်ပုံငွေမှ ကစားသမားဝယ်ယူ စရိတ်ထုတ်ယူရန် ခက်ခဲနေကြောင်း၊ ထို့ကြောင့် ၎င်းကို ရောင်းထုတ်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းသည် ရှနိုက်ဒါကို လာမည့်ဇန်နဝါရီအစောပိုင်းကာလအတွင်း ခေါ်ယူနိုင်ဖွယ်ရှိသည်။ အကယ်၍ အပြောင်းအရွှေ့ကိစ္စ အထမြောက်ခဲ့ပါက မန်ယူအသင်းအနေဖြင့် ရှနိုက်ဒါအား တစ်ပတ်လုပ်ခလစာ ပေါင် ၂၀၀၀၀၀ ပေးရမည်ဖြစ်သည်။ **အင်တာနက်။**

★ ဟိန်းထက်လင်း ★

# မော်ရင်ဟို၏ နည်းပြမှုအောက်တွင် ကစားလိုကြောင်း ရီးမားအသင်းခေါင်းဆောင် ဖရန်ဆက်စကိုတော့တီ ပြောကြား

**ရောမ ဒီဇင်ဘာ ၂၈**

ရီးယဲလ်မက်ဒရစ်နည်းပြ မော်ရင်ဟို၏ နည်းပြမှုအောက်တွင် ကစားလိုကြောင်း ရိုးမားအသင်းခေါင်းဆောင် ဖရန်ဆက်စကို တော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။

တော့တီသည် ၁၉၉၂ ခုနှစ်ကတည်းက ရိုးမားအသင်းတွင် ကစားခဲ့ပြီး အီတလီစီးရီးအေဘောလုံးလောကတွင် အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

တော့တီက မိမိအနေဖြင့် ရိုးမားအသင်းနှင့်အတူ စီးရီးအေအမှတ်ပေးဖလားများ ကိုင်မြှောက်နိုင်ခဲ့ကြောင်း၊ ယင်းအပြင် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားကိုလည်း ကိုင်မြှောက်နိုင်ခဲ့ကြောင်း၊ သို့သော် ထိုမျှလောက်နှင့် မရောင့်ရဲမတင်းတိမ်နိုင်ကြောင်း၊ မော်ရင်ဟိုကဲ့သို့ ထူးချွန်ထက်မြက်သည့်နည်းပြကောင်းတစ်ယောက်ထံတွင် ဆက်လက်သင်ယူလေ့လာလိုကြောင်း အီတလီ Sky Sport Media သို့ ထုတ်ဖော်ပြောကြားခဲ့သည်။

တော့တီသည် ရီးယဲလ်မက်ဒရစ်သို့ သွားရောက်ကစား လိုသည်ဟု ထပ်ခါထပ်ခါ ပြောကြားနေသော်လည်း ၎င်းက ကာလကြာမြင့်စွာ ကစားခဲ့သည့် ရိုးမားအသင်းမှ ရုန်းမထွက်နိုင်ဖြစ်နေသည်။ **အင်တာနက်။**

# ဟင်နရီအား အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူသင့်ကြောင်း အလက်ဇန္ဒားဆောင်း တိုက်တွန်း

**လန်ဒန် ဒီဇင်ဘာ ၂၈**

အာဆင်နယ်နောက်ခံလူ အလက်ဇန္ဒားဆောင်းက မိမိတို့၏ အသင်းခေါင်းဆောင်ဟောင်း ဟင်နရီကို အငှားစာချုပ်ဖြင့် အမ်းမရိတ်သို့ ပြန်လည်ခေါ်ယူသင့်ကြောင်း နည်းပြအာစင်ဝင်းဂါးကို တိုက်တွန်းလိုက်သည်။

အာဆင်နယ်အသင်းတွင် တိုက်စစ်မှူး ဗန်ပါစီဂိုးသွင်းနေသဖြင့် အာစင်ဝင်းဂါးက ဟင်နရီအား မခေါ်ယူဟု အစောပိုင်းကာလက ပြောကြားခဲ့သော်လည်း အသင်းရှိ ကစားသမားများ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသဖြင့် ဟင်နရီအား ပြန်လည်ခေါ်ယူလိုသည်ဟု ဝန်ခံခဲ့သည်။

ဟင်နရီသည် အတွေ့အကြုံရင့်ကျက်သည့် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်း၏ ခြေစွမ်းနှင့် ပတ်သက်၍ သံသယရှိရန် မလိုအပ်ကြောင်း၊ ယနေ့ မိမိတို့ကြုံတွေ့နေသည့် အခက်အခဲများကို ဟင်နရီက ကူညီပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဝင်းဂါးအနေဖြင့် ၎င်းအား ပြန်လည်ခေါ်ယူသင့်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။

**အင်တာနက်။**

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

# မွန်ပြည်နယ် ပေါင်မြို့၌ မီးလောင်၊ နှစ်ဦးသေဆုံးပြီး ၄၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် ပေါင်မြို့ မိုးနိုင်းရပ်ကွက်၌ ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မီးဖိုမီးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းပြီး နံနက် ၇ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် တဲအိမ် ခုနစ်လုံး၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ကလေးငယ်နှစ်ဦး မီးလောင်သေဆုံးခဲ့ကာ ၄၁ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား မိုးနိုင်းရပ်ကွက် မူလတန်းကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး နေရာချထားပေးကြောင်း သိရှိရသည်။

(သတင်းစဉ်)

■ ■ ■ ■ ■ ■

# အလုပ်သမားချင်း အရက်အတူသောက်စားရာမှ လူသတ်မှုဖြစ်

**ပုသိမ် ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၂၄ ရက် ည ၉ နာရီခွဲခန့်က ငပုတောမြို့နယ် ပုသိမ်-မော်တင်ကားလမ်း မိုင်တိုင်အမှတ်(၃၈/၁) အနီး ကုမ္ပဏီပိုင်ရော်ဘာစိုက်ခင်းတစ်ခု၌ အလုပ်လုပ်ကိုင်နေကြသော ခင်ထွေး(၄၀)နှစ် မရမ်းချောင်းကျေးရွာ ပုသိမ်မြို့နယ်နေသူနှင့် ဝင်းစိုး(၂၈)နှစ် အသုတ်ကွင်းကျေးရွာ မြန်အောင်မြို့နယ်နေသူတို့သည် အရက်အတူသောက်စားပြီး စကားများရန်ဖြစ်ကြရာ ဝင်းစိုးက အရိုးအသွား ကိုးလက်မခန့်ရှိသော စကေဘာဖြင့်ထိုးရာ ခင်ထွေး၏ လည်မျိုအောက်ဒဏ်ရာ တစ်ချက်၊ ယာနံကြားသို့ ဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးသွားကြောင်း သိရသည်။

ထို့ကြောင့် ဒီဇင်ဘာ ၂၅ရက် မွန်းလွဲပိုင်းတွင် သေဆုံးသူ၏ဇနီးဖြစ်သူ မငယ်(ခ) မခင်မျိုးနွယ် (၃၀)နှစ် ကြက်သွန်ကွင်းကျေးရွာ သာပေါင်းမြို့နယ်နေသူ၏ တိုင်တန်းချက်အရ ငပုတောရဲစခန်းက (ပ)၇၈/၂၀၁၁၊ ပြစ်မှု ပုဒ်မ ၃၀၂ ဖြင့် ပြစ်မှုကျူးလွန်သူ ဝင်းစိုးအား တရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၅၂)

# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးကျင်းပ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာ အမ် မာတီ အမ် နာတာလီဂါဝါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ်ဝန်ကြီးအဆင့် ပူးတွဲကော်မရှင်အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။**

ထို့နောက် ဒုတိယအကြိမ်မြောက် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ဆီဒိုးနား ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာဘက်မှ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် အင်ဒိုနီးရှားမှ ပူးတွဲကော်မရှင် ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာ အမ် မာတီ အမ် နာတာလီဂါဝါ ဦးဆောင်သည့် အင်ဒိုနီးရှား ကိုယ်စားလှယ်အဖွဲ့တို့တက်ရောက်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့မှ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံပူးတွဲကော်မရှင် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဒုတိယအကြိမ်မြောက် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုကျင်းပခဲ့ပြီး နှစ်နိုင်ငံပူးတွဲ ကော်မရှင်ဝန်ကြီးအဆင့်အစည်းအဝေး သဘောတူညီချက်မှတ်တမ်း မူကြမ်းကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဒုတိယအကြိမ် ပူးတွဲကော်မရှင် အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး အစည်းအဝေး သဘောတူချက်မှတ်တမ်းကို အတည်ပြုနိုင်ခဲ့သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာ အမ် မာတီ အမ် နာတာလီဂါဝါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)




**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာ အမ် မာတီ အမ် နာတာလီဂါဝါ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယအကြိမ်မြောက် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အတိုးနှုန်းများလျှော့ချသတ်မှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းကို ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။

ထိုသို့ ဗဟိုဘဏ်အတိုးနှုန်းအား လျှော့ချသကဲ့သို့ ဘဏ်များမှအပ်ငွေအပေါ် ပေးသည့် အတိုးနှုန်းနှင့် ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းများကိုလည်း ဘဏ်အပ်ငွေများအတွက်အတိုးနှုန်းကို အပ်ငွေအမျိုးအစားအလိုက် ရှစ်ရာခိုင်နှုန်းထက်မနည်း၊ ၁၀ ရာခိုင်နှုန်းထက်မများစေရန်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

# အစိုးရ ငွေတိုက်စာချုပ်များ ဝယ်ယူ ရင်းနှီးမြှုပ်နှံနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နိုင်ငံတော်အစိုးရကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လက်ရှိထုတ်ဝေရောင်းချနေသော သုံးနှစ်နှင့် ငါးနှစ် အစိုးရငွေတိုက်စာချုပ်များအပြင် နှစ်နှစ်သက်တမ်းရှိ အစိုးရငွေတိုက်စာချုပ်များကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ထပ်မံတိုးချဲ့ထုတ်ဝေရောင်းချခဲ့ရာ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လွတ်လပ်စွာဝယ်ယူနိုင်သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းကို ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

# ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" ၏ အရှိန်ကြောင့် နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "သိမ်း" (THANE)သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ချင်းနိုင် (Chennai) မြို့၏ အရှေ့တောင်ဘက်မိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟုသတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ယ နေ့ သ တ င် း အ ညွှ န် း



နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲ ၁၆၈၈ တွဲ ယနေ့ ရောင်းချခဲ့ရ

ပြည်တွင်းသတင်း စာမျက်နှာ - ၂

'ဗလ' မရှိ 'ဇ' ရှိသည့် "စင်မင်္ဂကော်"

"ဤကဲ့သို့သော ရွာကလေးများ နိုင်ငံအနှံ့ ရှိနေကြမည်ဆိုလျှင်"

သတင်းမှတ်စု စာမျက်နှာ - ၆

မိုးစိုက်ကြက်သွန်များ လှိုင်လှိုင်ပေါ် ဆောင်းကြက်သွန်များ တိုးတက်စိုက်ပျိုး

"ကြက်သွန်များကို အရွယ်အစားအလိုက် အတန်းအစား လေးမျိုးခွဲ၍..."

သတင်းမှတ်စု စာမျက်နှာ - ၇

ရုရှားနိုင်ငံ၏ မဟာဗျူဟာ ဒုံးကျည်သစ် စမ်းသပ်မှုများ အောင်မြင်ပြီးမြောက်

နိုင်ငံတကာသတင်း စာမျက်နှာ - ၄



မော်ရင်ဟို၏ နည်းပြမှုအောက်တွင် ကစားလိုကြောင်း ရီးမားအသင်းခေါင်းဆောင် ဖရန်ဆက်စကိုတော့တီ ပြောကြား

နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀

ဟင်နရီအား အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူသင့်ကြောင်း အလက်ဇန္ဒားဆောင်းတိုက်တွန်း

နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀